# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957



**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)



၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 6 July 2021 ၁၀၄၂၆


## အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



ချောင်းသာ-ရွှေသောင်ယံလမ်းပေါ်မှ ရွှေသောင်ယံတံတားကို တွေ့ရစဉ်။

# ဖွံ့ဖြိုးဝေစည် တိုင်းဒေသကြီး ဧရာဝတီ

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်၊ မြို့ ၄၅ မြို့၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ နှင့် ကျေးရွာ ၁၁၈၆၀ တို့ဖြင့် ဖွဲ့စည်းထားသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသော ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ပြည်သူများသည် ရေလမ်းတစ်ခုတည်းကိုသာ အဓိကအားထား၍ သွားလာကူးသန်းနေကြရခြင်းဖြစ်ပြီး စီးပွားရေးမှာလည်း မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးဘက်တွင်မူ လယ်ယာထွက်ကုန် ဆန်စပါးများပေါများ၍ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏ စပါးကျီဟု တင်စားရလောက်သည့် ဝိသေသထူးတစ်ခုကို ပိုင်ဆိုင်ရရှိထားသည်။

ယခုအခါမှာ ဧရာဝတီတိုင်းဒေသကြီးသည် ထူးကဲ၍ ဖွံ့ဖြိုးဝေစည် ဧရာဝတီအဖြစ်သို့


**စာမျက်နှာ ၉ ကော်လံ ၁ သို့** ○


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကြေးမုံ ယနေ့ ဖတ်စရာ


**ပြည်သူအများ သိလိုသည့် မေးခွန်းနှင့် အဖြေများ**

စာမျက်နှာ » ၆

**အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ ရဲစစ်ဆေးဆဲ အမှုအချို့မှ အချုပ်သူ၊ အချုပ်သားများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်လွှတ်ပေးခဲ့သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၉


# တောင်ကြီးမြို့၌ နှာခေါင်းတို့ဖတ်စစ်ဆေးရေးဌာန ဖွင့်လှစ်

**တောင်ကြီး ဇူလိုင် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့ သစ်တောရပ်ကွက် ရုံးကြီးလမ်းဘေးရှိ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး(အဟောင်း)၌ ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ် ကိုဗစ်-၁၉ ရောဂါ နှာခေါင်းတို့ဖတ် စစ်ဆေးရေးဌာန ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းတို့ဖတ် စစ်ဆေးရေးဌာနတွင် လတ်တလော အနံ့ပျောက်ဆုံးနေသူများ၊ ဖျားနေသူများ၊ ခေါင်းကိုက်နေသူများ၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




ကြေးမုံ

# ကပ်ရောဂါဘေးကျော်လွှားမှ ပြည်သူများဘဝစိတ်ချမ်းသာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဇူလိုင် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉၆၉ ဦးတွေ့ရှိခဲ့ပြီး ထပ်မံသေဆုံးသူ ၄၂ ဦးရှိသည်။ မြန်မာနိုင်ငံတွင် ယခုရက်ပိုင်းကာလအတွင်း နေ့စဉ်နှင့်အမျှ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တိုးပွားနေပြီး သေဆုံးသူများလည်း နေ့စဉ်များပြားလာသည်ကို တွေ့ရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးမျိုးသစ်များတွင် ဒယ်လ်တာဗိုင်းရပ်စ်ပိုးသည် ရောဂါကူးစက်ဖြစ်ပွားမှုကို ပိုမိုမြန်ဆန်စေပြီး ကူးစက်ခံရသူများကြားတွင် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ပေါ်နေသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတစ်ရာနီးပါးတွင် ရောဂါပိုးဗီဇမျိုးသစ် ကူးစက်ပျံ့နှံ့နေပြီး နိုင်ငံအများက ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးအပြင် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ခုခံတိုက်ဖျက်ကျော်လွှားလျက်ရှိပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို ဟန့်တားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုများကို အတတ်နိုင်ဆုံး ကြိုးပမ်းကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိသော်လည်း တစ်နေ့ထက်တစ်နေ့ ရောဂါကူးစက်မှု များပြားလာသောအခြေအနေအရ ပြည်သူများကိုယ်တိုင်ကလည်း ရောဂါကာကွယ်ရေး၊ ကုသရေးနည်းလမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်အသိပေးထားသောလမ်းညွှန်ချက်များအပြင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၏ အကြံပြုချက်များကိုလည်း မှတ်သားလိုက်နာကြပြီး အတတ်နိုင်ဆုံး ဟန့်တားကာကွယ် တားဆီးကြရန် လိုအပ်ပေသည်။

ပြည်သူအားလုံး နေ့စဉ်နှင့်အမျှ လိုက်နာဆောင်ရွက်ကြရမည့် ပါးစပ်၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လူအများနှင့်ခပ်ခွာခွာနေထိုင်ခြင်း၊ အဝင်/အထွက် ပြုလုပ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေဖြင့် စင်ကြယ်စွာအကြိမ်ကြိမ်ဆေးကြောခြင်း၊ မလိုအပ်ဘဲ အိမ်ပြင်သို့ မထွက်ခြင်းတို့ကို မပျက်မကွက် သတိထားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ လူအများသည် ဘဝရှင်သန်ရပ်တည်ရေးအတွက် နေ့စဉ်နှင့်အမျှ ပြင်ပသို့ ထွက်နေကြရသဖြင့် ပါးစပ်၊ နှာခေါင်း အကာအကွယ်များကို မပြတ်တပ်ဆင်ကြရန် လိုအပ်ပြီး ထိတွေ့မှုပြုလုပ်ပြီးတိုင်း မကြာခဏ လက်ကိုဆေးကြောပေးရန် လိုအပ်ပါသည်။

ဆေးပညာရှင်များ၏ နောက်ဆုံးတွေ့ရှိချက်အရ နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ်ဖြင့် နေထိုင်သော်လည်း မိသားစုအတွင်း တစ်ယောက်ကူးစက်ခံရပါက မိသားတစ်စုလုံး ကူးစက်ခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ဆင်းရဲချမ်းသာ လူတန်းစားမရွေး ကူးစက်နိုင်သည်။ သို့သော် အခြေခံလူတန်းစားများအနေဖြင့် နေအိမ်များတွင် ကျပ်တည်းကျဉ်းမြောင်းစွာနေထိုင်သည်ဆိုသော်လည်း လေဝင်လေထွက်ကောင်းပါက ရောဂါပိုးအတွက် စိုးရိမ်ဖွယ်ရာမရှိပေ။ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ရန်အတွက် ရောဂါပိုး၏သဘာဝကိုလည်း သိရှိထားရန်လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါပိုးသည် ရောဂါပိုးရှိသူတစ်ယောက်က နှာချေ၊ ချောင်းဆိုး၊ စကားကျယ်ကျယ်ပြောလိုက်ပါက ရောဂါပိုးအမှုန်များ လေထဲတွင် ခေတ္တပျံ့နှံ့သွားပြီး ၎င်းပတ်ဝန်းကျင်ရှိလူများ၌ အကာအကွယ်မရှိပါက ရောဂါကူးစက်နိုင်ပြီး နှာခေါင်းပါးစပ်စည်း၊ မျက်နှာကာများ တပ်ဆင်ထားပါက ရောဂါကူးစက်နိုင်ခြင်းမရှိပေ။ ကိုဗစ်-၁၉ ရောဂါပိုးသည် နှာခေါင်းနှစ်ပေါက်၊ မျက်စိနှစ်လုံး၊ ပါးစပ်ပေါက် ဤသုံးခုမှသာ ဝင်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများမှ ရောဂါဝင်ရောက်နိုင်ခြင်းမရှိပေ။

ကိုဗစ်-၁၉ ရောဂါပိုးသည် ရောဂါပိုးရှိသူ ပိုးစတင်ထုတ်လွှတ်စဉ်က လေထဲတွင်ရှိပြီး အနီးပတ်ဝန်းကျင်သို့ ရောက်နိုင်သည်။ ကျန်အချိန်ကာလတွင် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် တွယ်ကပ်နေပြီး အခြားနေရာများသို့ ရွေ့ပြောင်းလှုပ်ရှားနေခြင်း မရှိပေ။ ထို့ကြောင့် အရာဝတ္ထုများကို ကိုင်တွယ်ပြီးပါက လက်ဖြင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့ကို မပွတ်သပ်မိစေဘဲ ဦးစွာ လက်ကို ဆပ်ပြာနှင့်ရေဖြင့် စင်ကြယ်စွာ မကြာခဏ ဆေးကြောရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်တို့ကို အလေးထားလိုက်နာပြီး ကပ်ရောဂါဘေးကိုကျော်လွှား၍ ပြည်သူများစိတ်ချမ်းသာရေး ဆောင်ကြဉ်းရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်၊ (၄) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီတို့ပါဝင်သည့် အထူးအယူခံ ခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၉၆/၂၀၁၉ (မန္တလေး)နှင့် ၉၇/၂၀၁၉(မန္တလေး)ကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၇၁/၂၀၁၉ (ရှမ်း)၊ ၉၅/၂၀၁၉ (ရန်ကုန်)၊ ၉၉/၂၀၁၉ (ရန်ကုန်)၊ ၁၀၇/၂၀၁၉(မကွေး)၊ စုစုပေါင်း တရားမ အထူးအယူခံမှု ( ၄ ) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၈၈/၂၀၁၉ (စစ်ကိုင်း)၊ ၉၂/၂၀၁၉ (ဧရာဝတီ)၊ ၉၃/၂၀၁၉ (ဧရာဝတီ)၊ ၃၅/၂၀၂၀ (ဧရာဝတီ)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထားဝယ်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

(၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မေတ္တာမြို့နယ်ခွဲရှိ ဆုထူးပိုင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီး ဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး တီလားဗီးယားငါးမျိုးနှင့် ငါးကြင်းရွှေဝါ စုစုပေါင်း ကောင်ရေ ၇၀၀၀ ကို ဆုထူးပိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းသားပိုင် ငါးကန်များ အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။



အဆိုပါအခမ်းအနားသို့တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်နှင့်အဖွဲ့ဝင်များ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၅- ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၇၀၇ | ၆,၂၈၅,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၂၀၄ | ၇၁၈,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၇၅၀ | ၂၅ | ၆၆,၇၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၈၁ | ၂၅၁,၁၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၆၅ | ၃၂၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၅**

ရန်ကုန်(ရွှေဈေး) ၁၅၇၂၀၀၀

မန္တလေး(ရွှေဈေး) ၁၅၇၀၀၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၂၅.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၉.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၁.၄၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၅၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၁.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၃.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို



တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့်အတူ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် နမ့်စန်မြို့နယ်အတွင်းရှိ နောင်စန့်-နောင်ဗိုကျေးရွာချင်းဆက်လမ်း ၈ မိုင်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခြောက်လ ဘတ်ဂျက်တွင် ၃၅ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် လျာထားနေရာနှင့် နားရိုင်း-ကုန်းမလမ်းမှ မောက်မယ် - ဆီဆိုင်လမ်းခွဲအထိ ၁၆ မိုင် ၆ ဖာလုံတွင် နှစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။ ယင်းနောက် ဝန်ထမ်းများနှင့် သင်တန်းသူများအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)နှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်တို့က ဒေသဖွံ့ဖြိုးရေးနှင့် သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ယင်းနောက် ဝန်ထမ်းများအတွက် ဝတ်စုံများ၊



ဦးထုပ်နှင့် ရှူးဖိနပ်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်- လွယ်ပန်တောင်း- အင်ဂိုလုံလမ်း ၃၃ မိုင် ၅ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ကျိုင်းတုံ-တောင်ကြီးလမ်းမှ ပန်မတ်ကျေးရွာသို့အဝင်လမ်း ၁၃ မိုင်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း လုပ်ငန်းများကို စစ်ဆေးခဲ့ပြီး လမ်းတံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဆောင်ရွက်ပြီး လမ်းလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းရန် စီမံဆောင်ရွက်ရေး၊ လိုအပ်သောနေရာများတွင် ရေပြွန်နှင့် Box Culvert များ ထည့်သွင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **တောင်ကြီးမြို့မှ**

ချောင်းဆိုးနေသူများ၊ ကိုယ်လက်နာကျင်ကိုက်ခဲနေသူများ၊ လည်ချောင်းနာသူများ၊ အသက်ရှူကျပ်နေခြင်း/အသက်ရှူရခက်နေသူများ၊ အရသာပျောက်ဆုံးနေသူများနှင့် နှာချေနေသူများ၊ သံသယရှိ၍ စစ်ဆေးလိုသူများ လာရောက်စစ်ဆေးခံနိုင်မည်ဖြစ်ပြီး လာရောက်စစ်ဆေးသူတစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

တစ်ရက်လျှင် စစ်ဆေးပေးနိုင်မည့်လူဦးရေ ကန့်သတ်ထားခြင်းမရှိကြောင်း၊ နှာခေါင်းတို့ဖတ်စစ်ဆေးရေးဌာနတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဖွင့်လှစ်ထားသော အသွားအလာကန့်သတ်စခန်းတွင်ထားရှိကာ ဆေးကုသပေးသွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်ထွန်းက ပြောသည်။ အဆိုပါ နှာခေါင်းတို့ဖတ် စစ်ဆေးရေးဌာနတွင် တောင်ကြီးမြို့နယ်အတွင်းရှိ လာရောက်စစ်ဆေးသူ ၄၃ ဦးရှိသည့်အနက် ဇူလိုင် ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ လူနာကိုးဦး ရှိကြောင်းနှင့် စဝ်စံထွန်းသီးသန့်ဆောင်သို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**

## တိုက်ကြီးမြို့နယ် အဖျောက်မြို့၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်များအတွင်းရှိ မြို့များ၌ နှာခေါင်းစည်းများ သွားရောက်ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၅**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ Coronavirus Disease 2019(COVID-19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အခြေခံပညာ



အထက်တန်းကျောင်း (အဖျောက်)ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက နှာခေါင်းစည်း ၇၀၀ ကို သွားရောက်ပေးဝေလှူဒါန်းသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့၊ ကျုံပျော်မြို့၊ သာပေါင်းမြို့၊ ဟင်္သာတခရိုင် ဟင်္သာတမြို့၊ မအူပင်ခရိုင် မအူပင်မြို့နှင့် ပန်းတနော်မြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်း ၂၀၁၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ သွားရောက်ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၁၉) သီရိရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

**လမ်းညွှန်မှာကြား**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံမှာ အတန်းပညာတတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးကဏ္ဍသည်အရေးကြီးကြောင်း" ကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မူလတန်းမှ အထက်တန်းအဆင့်အထိ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း တစ်ဖက်တစ်လမ်းက ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

**ပညာသင်ထောက်ပံ့ကြေးပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၏ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၁၆၆ ဦး၊ အထက်တန်း ကျောင်းသားကျောင်းသူ ၄၈ ဦး၊ အလယ်တန်း ကျောင်းသားကျောင်းသူ ၇၁ ဦး၊ မူလတန်း ကျောင်းသားကျောင်းသူ ၁၃၉ ဦး စုစုပေါင်း ၄၂၄ ဦး၏ ပညာသင်ထောက်ပံ့ကြေးများကို ကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၁) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် စီမံခန့်ခွဲရေးဘာသာရပ်၊ ဘဏ္ဍာရေးဘာသာရပ်နှင့် ပစ္စည်းစီမံရေးဘာသာရပ်များကို သင်ကြားပို့ချမည့်အပြင် အဓိကဘာသာရပ်ဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်များတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်/ဓာတ်လိုက်မှု ကင်းရှင်းရေးနှင့် ဓာတ်အားဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိသည့် Analogue၊ OMR၊ AMR နှင့် AMI မီတာစနစ်များ၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး၊ ADMS စနစ်နှင့် Pilot Project ဆောင်ရွက်နေမှုများ၊ ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံများ တည်ဆောက်မှုနည်းစနစ်များ၊ Earthing or Grounding System အကြောင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



**တွေ့ဆုံနှုတ်ဆက်**

သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြား ပို့ချချက်များ၊ အပြန်အလှန် ဆွေးနွေးခြင်းမှ ရရှိသည့် အသိပညာများ၊ သင်တန်းသားအချင်းချင်း ဖလှယ်ရသည့် အတွေ့အကြုံအရ တက်ကြွစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို စိတ်ကောင်းစေတနာ အပြည့်ဖြင့် ဆောင်ရွက်နိုင်သည့် လျှပ်စစ်အင်ဂျင်နီယာများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၁)တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သင်တန်းသား ၃၀ အား ရက်သတ္တ လေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နယ် ပုဂံ-ညောင်ပင် ရေလွှဲပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ပဲခူး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင် မြစ်ချောင်းအင်းအိုင်ဆည်တမံများတွင် ငါးသယံဇာတများ ပေါများလာစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်ရေးအတွက် ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ ဇွန်လနောက်ဆုံးပတ်က သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာရှိ ပုဂံ-ညောင်ပင် ရေလွှဲပေါက်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးစိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သနပ်ပင်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၆၀၀၀၀ နှင့် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမ်းဗြဲမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**ရမ်းဗြဲ ဇူလိုင် ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး အဆင့်မြင့်စက်ချုပ်သင်တန်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ကျောက်ဖြူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြ ဆရာမက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး စက်ချုပ်ကျွမ်းကျင်ဆရာမများက ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၁ ရက်ထိ စာတွေ့ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့

# စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသားပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သိပ္ပံနှင့် နည်းပညာကဏ္ဍ၌ ပြောင်းလဲတိုးတက်လျက်ရှိသော Industrial Revolution(4.0) ဆိုင်ရာနယ်ပယ်များ၊ Artificial Intelligent နှင့် Robotics ဆိုင်ရာနယ်ပယ်များ၊ Cloud Computing နှင့် Internet of Things ကဲ့သို့ Big Data များကို အခြေခံသည့် ဘာသာရပ်နယ်ပယ်များကို ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်များနှင့် ချိန်ထိုး၍ မိမိနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုနယ်ပယ်များတွင် သိပ္ပံနှင့်နည်းပညာရပ်များအား အသုံးချဆောင်ရွက်နိုင်ရေးနှင့် ခေတ်နောက်ကျမကျန်စေရေးအတွက် သင်ကြားလေ့ကျင့်ပေးရမည်



ဖြစ်ပါကြောင်း။

သိပ္ပံနှင့်နည်းပညာကဏ္ဍအား ဦးဆောင်နေသည့် ရန်ကုန်နည်းပညာတက္ကသိုလ် အပါအဝင် တစ်နိုင်ငံလုံးရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် သက်ဆိုင်ရာ အထူးပြုတက္ကသိုလ်များအနေဖြင့် သုတေသန အသားပေးဆောင်ရွက်နိုင်သည့် တက္ကသိုလ်များအဖြစ် ရောက်ရှိနိုင်ရေး နှစ်အလိုက် ဆောင်ရွက်သွားမည့် Plan များချမှတ်၍ သုတေသနများ တိုးတက်ဆောင်ရွက်ခြင်း၊ သုတေသနပြုရန်အတွက် စနစ်ကောင်းနှင့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်း၊ သိပ္ပံပြပွဲ၊ ပြိုင်ပွဲများ၊ တီထွင်မှုပြပွဲပြိုင်ပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းတို့ဖြင့် နိုင်ငံ့အကျိုးပြု သုတေသနနှင့် တီထွင်ဆန်းသစ်မှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန်) သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောင်တရားမြို့အဝင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စစ်ဆေးရေးဂိတ်တည်ဆောက်

**နောင်တရား ဇူလိုင် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့အဝင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရေးနှင့် ကာကွယ်တားဆီးရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စစ်ဆေးရေးဂိတ် တည်ဆောက်လျက်ရှိသည်။

**ပိုးတွေ့လူနာ ၃၁ ဦးရှိ**

နောင်တရားမြို့အတွင်းသို့ ဝင်၊ ထွက်သွားလာမည့် ယာဉ်မောင်းများနှင့် ဒေသခံပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုစေခြင်း၊ အပူချိန်တိုင်းတာစစ်ဆေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပင်လောင်းမြို့နယ်အတွင်း ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၃၁ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ပြည်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ လူ ၁၀၀ ဆံ့ COVID-19 Quarantine Center ထားရှိရန် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019( COVID–19) ရောဂါကာကွယ်နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေသည့် ကာလအတွင်း ကိုဗစ်–၁၉ ရောဂါသံသယလူနာများနှင့် ခွဲခွာအတည်ပြုပိုးတွေ့လူနာသစ်များ ထားရှိရန်အတွက် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ လူ ၁၀၀ ဆံ့ COVID–19 Quarantine Center ထားရှိရန် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများက အဆောက်အအုံ အတွင်း၊ အပြင်သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည် တူးဖော်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူအများ သိလိုသည့် မေးခွန်းနှင့် အဖြေများ

မင်းခန့်

မကြာခင်ရက်ပိုင်းကပဲ စာရေးသူအနေနဲ့ **“မဲမသမာမှုဖြစ်ခဲ့သည့် ငြင်းမရနိုင်သောအချက်များ”** ဆိုတဲ့ ဆောင်းပါးကို အစိုးရထုတ်သတင်းစာများမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလိုရေးလိုက်တော့ ဆောင်းပါးကို စိတ်ဝင်စားတဲ့သူတွေက လူမှုကွန်ရက် (facebook)ပေါ်မှာ ပြန်လည်မျှဝေကြပြီး ဆွေးနွေးဝေဖန်သုံးသပ်လာကြတာကို တွေ့ရပါတယ်။ ဒီလိုဆွေးနွေးဝေဖန်သုံးသပ်ပေးကြတဲ့သူတွေကိုလည်း စာရေးသူအနေနဲ့ အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေ။ ဒီလိုဆွေးနွေးကြတဲ့နေရာမှာ ရရှိလာတဲ့ အကျိုးကျေးဇူးက ဒီ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲမသမာမှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေရင်ထဲမှာရှိနေတဲ့ မတင်မကျဖြစ်နေတဲ့ မေးခွန်းတွေ၊ စိတ်ခံစားချက်တွေ၊ ဆွေးနွေးချက်တွေ ပေါ်ထွက်လာတာပါပဲ။** ဒါက အင်မတန်မှ ကောင်းမွန်တဲ့အချက်ပါ။ စာရေးသူအနေနဲ့ ပြည်သူတွေရဲ့ မတင်မကျဖြစ်နေတဲ့ ခံစားချက်တွေ၊ မေးခွန်းတွေကို မိမိတတ်စွမ်းသမျှ ပြန်လည်ရှင်းလင်းတင်ပြဖို့ အခွင့်အရေးရရှိလာပါတယ်။ ဒါကြောင့်လည်း ဒီဆောင်းပါးလေး ထပ်မံပေါ်ထွက်လာရတယ်ဆိုပါတော့ဗျာ။






**ကြေညာတာ ဥပဒေနဲ့ ညီသလားဆိုတဲ့** မေးခွန်းပါပဲ။ ညီပါတယ်ဆိုတဲ့အဖြေကို နားလည်ဖို့ အခြေခံဥပဒေကို သဘောပေါက်ဖို့ အနည်းငယ်လိုအပ်လာပါတယ်။ အမှန်တော့ NLD အနေနဲ့ အစိုးရစတက်လာချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် ပြဋ္ဌာန်းခဲ့တဲ့ “နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ” ကို ပြဋ္ဌာန်းကတည်းက အခြေခံဥပဒေကို လက်တစ်လုံးခြားလုပ်ဖို့ စတင်ခဲ့တာလို့ ပြောလို့ရတာပေါ့။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သူ့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေကို ချိုးဖောက်ပြီး အတိုင်ပင်ခံဥပဒေက ခွင့်ပြုထားတာထက်ပိုပြီး သမ္မတတစ်ဦးကဲ့သို့ ဝင်ရောက်ဆုံးဖြတ်လုပ်ကိုင်နေတဲ့ကိစ္စတွေ၊ လုပ်ဆောင်ချက်တွေ များစွာရှိခဲ့တယ်။ သမ္မတအထက်မှာနေမယ်လို့လည်း သူကိုယ်တိုင် ကမ္ဘာသိထုတ်ဖော် ပြောခဲ့တာပါ။ အဲဒီတော့ အခြေခံဥပဒေပုဒ်မ ၁၆ “နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲသည် သမ္မတဖြစ်သည်။” ဆိုတာကို အလိုလိုပျက်ယွင်းပြီးသား၊ ချိုးဖောက်ပြီးသား ဖြစ်နေခဲ့တာပါ။ သမ္မတကြီးအနေနဲ့လည်း သူဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ကြီးမှာ မဲဆွယ်တဲ့ကိစ္စတွေ ဆောင်ရွက်ခဲ့လို့လည်း ရဲ့အရေးပိုင်တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနဲ့ တရားစွဲဆိုခံရတာတွေ ဖြစ်လာခဲ့တာပေါ့။

ဒီလိုမျိုးတွေဖြစ်လာတော့ အခြေခံဥပဒေပုဒ်မ ၇၃ (က) မှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် သမ္မတနေရာလစ်လပ်သွားရင် လွှတ်တော်ကနေ ဒုတိယမဲအများဆုံးနဲ့ ရွေးချယ်ထားတဲ့ ဒုတိယသမ္မတတစ်ဦးက ယာယီသမ္မတအဖြစ် ထမ်းဆောင်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မမှာ ရည်ညွှန်းတဲ့ တစ်စုံတစ်ခုသောအကြောင်းကြောင့်ဆိုတာက ရှေ့မှာဖော်ပြခဲ့တဲ့ သမ္မတတစ်ယောက်ရဲ့ အရည်အချင်းပျက်ယွင်းတဲ့ကိစ္စတွေ၊ တာဝန်ပျက်ကွက်မှုတွေ၊ အခြေခံဥပဒေ ချိုးဖောက်မှုတွေနဲ့၊ ရဲ့အရေးပိုင်တဲ့ ကိစ္စရပ်တွေ အကျုံးဝင်သွားတာပေါ့။ ဒါကြောင့် ယာယီသမ္မတကနေ အရေးပေါ်အခြေအနေကြေညာတာ အခြေခံဥပဒေနဲ့ ညီညွတ်ပါတယ်။






နောက်ထပ်မေးခွန်းတစ်ခုက တပ်မတော်က မဲစာရင်းတွေဝင်စစ်လို့ရလားဆိုတဲ့ ကိစ္စပါ။ စစ်လို့ရတာပေါ့။ တပ်မတော်မှမဟုတ်ပါဘူး၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၁၅ (ခ) အရ နိုင်ငံသားတစ်ဦးချင်းစီမှာ ဒီမဲစာရင်းကို မိတ္တူကူးယူခွင့် ရှိပါတယ်။ မိတ္တူကူးတယ်ဆိုမှတော့ ဒီမဲစာရင်းကို စစ်ဆေးချင်လို့ စေ့စေ့စပ်စပ် လေ့လာဖို့အတွက် အထောက်အထားလိုချင်လို့ပေါ့ဗျာ။ ဆိုလိုတာက မဲစာရင်းဆိုတာက ပြည်သူလူထုရဲ့ အချက်အလက်တွေ၊ မဲပေးပိုင်ခွင့်ရှိသူအားလုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေဖြစ်ပါတယ်။ အများပိုင်အချက်အလက်တွေဖြစ်ပါတယ်။ **မဲပေးပိုင်ခွင့်ရှိတဲ့ တပ်မတော်သားတွေအားလုံးက ပြည်သူများနဲ့ တစ်ပြေးညီ သက်ဆိုင်ရာ မဲရုံတွေမှာ မဲပေးခဲ့ကြတာပါ။ ဒါက လူတစ်ဦးချင်းစီနဲ့ အဖွဲ့အစည်းတိုင်းရဲ့ လွှတ်လပ်ပိုင်ခွင့်ပဲ။ အခြေခံဥပဒေအရ တပ်မတော်က အမျိုးသားနိုင်ငံရေးအရ ဒီမိုကရေစီလမ်းကြောင်း မယိမ်းယိုင်အောင် ဝင်ရောက်ထိန်းကျောင်းနိုင်တဲ့** အခွင့်အရေးလည်း ရှိနေတာဖြစ်ပါတယ်။ **တပ်မတော်မှမဟုတ်ပါဘူး၊ စိတ်ဝင်စားတဲ့ မည်သည့်အဖွဲ့အစည်းမဆို ဒီမဲစာရင်းတွေကို စစ်ဆေးကြည့်လို့ရတာပါပဲ။** သုတေသနပြုကြည့်လို့ ရတာပါပဲ။ ဒါကြောင့် တပ်မတော်အနေနဲ့ စစ်ဆေးတွေ့ရှိချက်တွေကိုသာ ထုတ်ပြန်ကြေညာပြီး တာဝန်ရှိတဲ့ UEC က ဖြေရှင်းပေးဖို့၊ အရေးယူဆောင်ရွက်ဖို့ တောင်းဆိုခဲ့တာ တွေ့ရမှာပါ။ ကိုယ်ကမှန်နေရင် ဘာကြောင့် အစစ်ဆေးမခံနိုင်သလဲဆိုတဲ့ မေးခွန်းမေးလာရင်တော့ ယခင် UEC အကျပ်ရိုက်မယ်ထင်တယ်။

မဲပေးပိုင်ခွင့်ရှိတဲ့ တပ်မတော်သားတွေအားလုံးက ပြည်သူများနဲ့ တစ်ပြေးညီ သက်ဆိုင်ရာ မဲရုံတွေမှာ မဲပေးခဲ့ကြတာပါ။ ဒါက လူတစ်ဦးချင်းစီနဲ့ အဖွဲ့အစည်းတိုင်းရဲ့ လွှတ်လပ်ပိုင်ခွင့်ပဲ။ အခြေခံဥပဒေအရ တပ်မတော်က အမျိုးသားနိုင်ငံရေးအရ ဒီမိုကရေစီလမ်းကြောင်း မယိမ်းယိုင်အောင် ဝင်ရောက်ထိန်းကျောင်းနိုင်တဲ့ အခွင့်အရေးလည်း ရှိနေတာဖြစ်ပါတယ်။ တပ်မတော်မှ မဟုတ်ပါဘူး၊ စိတ်ဝင်စားတဲ့ မည်သည့်အဖွဲ့အစည်းမဆို ဒီမဲစာရင်းတွေကိုစစ်ဆေးကြည့်လို့ရတာပါပဲ။

## တပ်မတော်က ဘာကြောင့်အာဏာထိန်းရသလဲ

မြန်မာနိုင်ငံမှာ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ပြည်သူအများစိတ်ထဲမှာ ရှင်းရှင်းလင်းလင်း သိရှိလိုတဲ့မေးခွန်းကတော့ **တပ်မတော်က ဘာကြောင့်အာဏာထိန်းရသလဲ**ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ **ဒီမေးခွန်းကို ရိုးရိုးရှင်းရှင်းနဲ့ ခပ်တိုတိုဖြေရမယ်ဆိုရင်တော့ တစ်ပါတီအာဏာရှင်စနစ် ပြန်မဖြစ်ရလေအောင် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်မယိုင်လဲရအောင် မည်သို့မျှလက်ခံလို့မရတဲ့ အခြေအနေအထိဖြစ်ခဲ့ရတဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲလိမ်မဲခိုးမှုတွေကြောင့် အခြေခံဥပဒေအရ တပ်မတော်က အာဏာထိန်းရခြင်းဖြစ်တယ်လို့ ဖြေရမှာပါ။** ဒါကြောင့်လည်း“မဲမသမာမှုဖြစ်ခဲ့သည့် ငြင်းမရနိုင်သော အချက်များ”ဆိုတဲ့ ယခင်ဆောင်းပါးမှာ စာရေးသူအနေနဲ့ NLD အစိုးရ၊ ပါတီနဲ့၊ ယခင် UEC တို့ ပူးပေါင်းပြီး ဘယ်လိုမဲမသမာမှုတွေ ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို သုံးသပ်ဆွေးနွေးပေးခဲ့တာ ဖြစ်ပါတယ်။

ဒီအကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး ပြည်သူလူထုကြီးသိချင်နေကြတဲ့ နောက်ထပ် မေးခွန်းတစ်ခုက **ယာယီသမ္မတက အရေးပေါ်အခြေအနေ** ကျေပွန်စွာထမ်းဆောင်နိုင်ခြင်း မရှိခဲ့တာကြောင့် အခြေခံဥပဒေ ပုဒ်မ ၇၁ (က) ၂/၄/၅ မှာ ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်တွေကို မလိုက်နာတာ၊ သမ္မတတစ်ယောက်ရဲ့ အရည်အချင်းပျက်ယွင်းတာ၊ ဥပဒေအရပေးထားတဲ့ တာဝန်တွေကို မထမ်းဆောင်နိုင်တာမျိုးတွေ ဖြစ်ခဲ့တာပေါ့။

### ဖြောင်ကျကျဝင်ရောက် ဆောင်ရွက်ခဲ့

နောက်တစ်ချက်ကတော့ အများသိပြီးဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပါတီလုပ်ငန်းတွေမှာ ဖြောင်ကျကျဝင်ရောက်ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေပါ။ **အခြေခံဥပဒေပုဒ်မ ၆၄ နဲ့ ၂၃၂ (ဋ) တွေမှာ နိုင်ငံတော်သမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေဟာ ပါတီလုပ်ငန်းတွေ ဝင်ရောက်ဆောင်ရွက်ခွင့်မရှိဘူးဆိုတာ အတိအလင်း ပြဋ္ဌာန်းထားပြီးသားပါ။ ဒီလိုတွေပြဋ္ဌာန်းထားရတာက မြန်မာနိုင်ငံရဲ့ ပါလီမန်ဒီမိုကရေစီခေတ်မှာ ရှိခဲ့ဖူးတဲ့ ပါတီနိုင်ငံရေး လွန်ကဲမှုတွေ၊ အစိုးရရဲ့ အခွင့်အာဏာကိုသုံးပြီး မိမိပါတီရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တာတွေ မဖြစ်ရအောင် အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို စည်းခြားပေးထားတာ ဖြစ်ပါတယ်။** ဒါတွေကို သိသိလျက်နဲ့ ချိုးဖောက်ပြီး COVID-19 ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေတဲ့ကာလ

### ဘယ်လိုမဲမသမာမှု မဲခိုးမှုတွေလုပ်ခဲ့တယ်ဆိုတာ

တချို့ကတော့ ဒီလောက်ကြာနေပြီ **အခု UEC စစ်နေတာတွေက အခုထိ မပြီးနိုင်သေးဘူးလား၊ အပြီးသတ်ထုတ်ပြန်ချက် မထုတ်နိုင်သေးဘူးလား၊ တာဝန်ရှိသူတွေကို ဘယ်လိုအရေးယူမှာလဲလို့** မေးကြပါတယ်။ ဒီမေးခွန်းတွေကတော့ ယခု UEC နဲ့သာ တိုက်ရိုက်သက်ဆိုင်မယ်ထင်ပါတယ်။ စာရေးသူလေ့လာမိသလောက် **ရွေးကောက်ပွဲလုပ်နိုင်ခဲ့တဲ့ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်မှာ ၃၀၉ မြို့နယ်က စစ်ဆေးပြီးသွားပါပြီ။ ကျန်ရှိတဲ့ မြို့နယ်တွေ စစ်ဆေးပြီးရင်တော့ အချက်အလက် ခိုင်ခိုင်လုံလုံနဲ့ ဘယ်လိုမဲမသမာမှု မဲခိုးမှုတွေလုပ်ခဲ့တယ်ဆိုတာကို**

စာမျက်နှာ ၇ သို့ ✫

✯ စာမျက်နှာ ၆ မှ

**အထောက်အထားတွေနဲ့ ရှင်းလင်းမှုတွေ ထွက်လာမယ်လို့ထင်ပါတယ်။** ဒီနေရာမှာ အရေးကြီးတာက စာရင်းဇယားတွေထက် ဘယ်လိုပုံစံနဲ့ မဲမသမာမှုတွေလုပ်ဖို့ ကြိုတင်ပြင်ဆင်ခဲ့တယ်၊ ဘယ်လို အထောက်အထားတွေ တွေ့ရတယ်၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ ဘယ်လိုဝင်ရောက် ပတ်သက်ခဲ့တယ်ဆိုတာတွေကို အထောက်အထားတွေနဲ့တကွ ချပြနိုင်ဖို့ အရေးကြီးမယ်ထင်ပါတယ်။ ဥပမာ ဒီမှာတော့ မဲလက်မှတ်လက်ခံဖြတ်ပိုင်း၊ ဒီမှာတော့ ကျန်ရှိနေတဲ့မဲလက်မှတ်တွေ၊ ဒီမှာတော့ ပိုနေတဲ့ မဲစာရွက်တွေ၊ ဒါကြောင့် ဘယ်လောက် ပျောက်ဆုံးနေတယ်ဆိုတာမျိုးတွေပါ။ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်တွေက လက်ရေးမူနဲ့ ရေးပေးထားတဲ့ ခန့်အပ်ရမယ့် ရွေးကော်အဖွဲ့စာရင်းမူရင်းတွေ၊ NLD အသာရအောင် ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်မူရင်းတွေကို ချပြဖို့လိုလိမ့်မယ် ထင်ပါတယ်။ သမိုင်းမှတ်တမ်းကျန်ဖို့နဲ့ နောက်လာမယ့်ရွေးကောက်ပွဲတွေအတွက် သင်ခန်းစာယူနိုင်အောင်အတွက် ဖော်ထုတ်သုံးသပ်ချက်တွေကို ရှင်းလင်းမြင်သာတဲ့ မှတ်တမ်းများနဲ့ ထုတ်ပြန်မယ်လို့ ထင်ပါတယ်။

**အရေးယူဆောင်ရွက်မှုတွေ**

မဲစာရင်းတွေဖောင်းပွနေတဲ့ကိစ္စနဲ့ NLD အစိုးရအနေနဲ့ ယခင် UEC ရဲ့ လုပ်ငန်းကိစ္စတွေမှာ ဝင်ရောက် စွက်ဖက်နေတယ်ဆိုတာကတော့ မေးခွန်းထုတ်နေစရာကို မလိုတော့ပါဘူး။ အချို့နေရာတွေမှာ NLD ဝန်ကြီးချုပ်တွေအစီအစဉ်နဲ့ ခန့်အပ်ခဲ့တဲ့ ရွေးကော်အဖွဲ့တွေနဲ့ ရပ်/ကျေးဥက္ကဋ္ဌတွေပေါင်းပြီး အခြားပါတီထောက်ခံသူတွေကို မဲစာရင်းထဲမပါအောင် ဆောင်ရွက်ခဲ့တဲ့ အဖြစ်အပျက်တွေပါရှိတယ်လို့ သိနေရပါတယ်။ ဒီလိုပြစ်မှုကျူးလွန်ခဲ့သူတွေကိုတော့ သက်ဆိုင်ရာဥပဒေတွေအရ အရေးယူဆောင်ရွက်မှုတွေ မြင်တွေ့ရလိမ့်မယ်လို့ ထင်ပါတယ်။







နောက်ထပ်မေးခွန်းတစ်ခုကတော့ **တပ်မတော်က ၎င်းရဲ့မိတ်ဖက်ပါတီ USDP မနိုင်လို့ မဲစာရင်းတွေဝင်စစ်တာလားဆိုတဲ့** မေးခွန်းပါ။ စာရေးသူအမြင်အရ **တပ်မတော်က NLD အနိုင်ရခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်လို့ ဖြစ်ခဲ့တဲ့ ပြဿနာဆိုရင် USDP အစိုးရလက်ထက်မှာ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာထဲက မဲစာရင်းဝင်စစ်တဲ့ကိစ္စတွေ လုပ်ခဲ့မှာပေါ့။ ဒီရွေးကောက်ပွဲများဟာ NLD က သောင်ပြိုကမ်းပြို အနိုင်ရခဲ့တဲ့ရွေးကောက်ပွဲတွေ ဖြစ်ပါတယ်။** သို့သော်လည်း ဒီရွေးကောက်ပွဲတွေက သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲက ရရှိလာတဲ့ မဲရလဒ်ဖြစ်တယ်။ ပြည်သူ့ဆန္ဒ အမှန်ထင်ဟပ်နေတယ်။ သက်ဆိုင်ရာရွေးကော်ကလည်း အငြင်းပွားမှုတွေကို နိုင်နိုင်နင်းနင်း ဥပဒေနဲ့အညီ ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် တပ်မတော်အနေနဲ့ ဒီရွေးကောက်ပွဲတွေနဲ့ပတ်သက်ပြီး မဲစာရင်းစစ်ဆေးစရာ၊ ကန့်ကွက်စရာ၊ မေးခွန်းထုတ်စရာ အခြေအနေမရှိပါဘူး။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကျမှသာ မဲဖောင်းပွနေမှုတွေ၊ မတရားမှုတွေ၊ မဲလိမ်မဲခိုးမှုတွေက မဖုံးနိုင်မဖိနိုင်ပေါ်ပေါက်ခဲ့လို့ NLD မဟုတ်တဲ့ အခြားသော နိုင်ငံရေးပါတီတွေက တပ်မတော်ကို မဲစာရင်းတွေ ဝင်ရောက်စစ်ဆေးပေးဖို့ တောင်းဆိုခဲ့ကြတာပါ။ ပါတီနိုင်ငံရေး အငြင်းပွားမှုတွေကနေ စတင်ခဲ့တာပါ။ ဒါကြောင့် တပ်မတော်အနေနဲ့ မဲစာရင်းတွေကို ဝင်ရောက်စစ်ဆေးခဲ့တာ ဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ အငြင်းပွားဖွယ်ရာ စာရင်းတွေကို တွေ့ရှိနေခဲ့ပေမယ့် ဦးလှသိန်း ဦးဆောင်တဲ့ ရွေးကော်က မှန်မှန်ကန်ကန်နဲ့ တရားနည်းလမ်းတကျ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေအထိကို ရောက်ရှိလာခဲ့စရာ အကြောင်းကိုမရှိပါဘူး။

**ဖုံးဖိလို့မရတဲ့အခြေအနေ**

နိဂုံးချုပ်ရရင်တော့ NLD အနေနဲ့ မဲပြဿနာကို ၎င်းအစိုးရ တာဝန်ယူနေတဲ့အချိန်မှာ အဖွဲ့စုံနဲ့ စစ်ဆေးပြီး ဖြေရှင်းခဲ့မယ်ဆိုရင်လည်း အခုတွေ့နေရတဲ့ မဲမသမာမှုတွေက ပေါ်ပေါက်လာမယ့် ကိစ္စရပ်တွေပါပဲ။ ဖုံးဖိထားလို့ မီးရှို့ဖျောက်ဖျက်ပစ်လိုက်လို့ရတဲ့ ကိစ္စမျိုးတွေမဟုတ်ပါဘူး။ **တကယ်လို့ NLD အစိုးရ ပါတီနဲ့ ယခင် UEC အနေနဲ့ မဲမသမာမှုမလုပ်ခဲ့ဘူးဆိုရင် မိမိတို့မှန်ကန်ကြောင်း သက်သေပြနိုင်ပြီး စွပ်စွဲသူတွေကိုတောင် နိုင်ငံရေးအရ ထိုးနှက်လို့ရနိုင်တာ မဟုတ်ဘူးလား။ သို့သော်လည်း မဲမသမာမှုက ဖုံးဖိလို့မရတဲ့အခြေအနေဖြစ်တာကြောင့် မဖြေရှင်းခဲ့ဘူးလို့ပဲ ဆိုရတော့မှာပါ။ မိမိပါတီရဲ့ခေါင်းဆောင်နဲ့ ပါတီပုံရိပ်ကို အထိခိုက်မခံဘဲ ဘူးခံငြင်းသွားတယ်လို့ပဲ သုံးသပ်ရပါတယ်။ သို့သော်လည်း ယခုလို ပြည်သူလူထုကို လိမ်လည်လှည့်ဖြားပြီး လမ်းပေါ်ဆွဲထုတ်၊ မဲမသမာမှုတွေကို ဖုံးဖိပြီး အာဏာကို ဖြတ်လမ်းနည်းနဲ့ပြန်ယူဖို့ ကြိုးစားနေတာကတော့ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စရပ်တွေပါ။** နိုင်ငံနဲ့ ပြည်သူရဲ့ ကောင်းကျိုးထက် ပါတီကောင်းကျိုး၊ ပါတီခေါင်းဆောင်ရဲ့ ကောင်းကျိုးကိုပဲ ကြည့်ခဲ့တယ်လို့ဆိုရတော့မှာ ဖြစ်ပါတယ်။ စာရေးသူရဲ့ ဖြေဆိုချက်တွေကနေ သုံးသပ်ဆင်ခြင်စရာတွေရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရှင်လန်းချမ်းမြေ့ကြပါစေ။ ။

**တကယ်လို့ NLD အစိုးရ၊ ပါတီနဲ့ ယခင် UEC အနေနဲ့ မဲမသမာမှုမလုပ်ခဲ့ဘူးဆိုရင် မိမိတို့မှန်ကန်ကြောင်း သက်သေပြနိုင်ပြီး စွပ်စွဲသူတွေကိုတောင် နိုင်ငံရေးအရ ထိုးနှက်လို့ရနိုင်တာ မဟုတ်ဘူးလား။ သို့သော်လည်း မဲမသမှုက ဖုံးဖိလို့မရတဲ့အခြေအနေဖြစ်တာကြောင့် မဖြေရှင်းခဲ့ဘူးလို့ပဲ ဆိုရတော့မှာပါ။ မိမိပါတီရဲ့ ခေါင်းဆောင်နဲ့ ပါတီပုံရိပ်ကို အထိခိုက်မခံဘဲ ဘူးခံငြင်းသွားတယ်လို့ပဲ သုံးသပ်ရပါတယ်။ သို့သော်လည်း ယခုလို ပြည်သူလူထုကို လိမ်လည်လှည့်ဖြားပြီး လမ်းပေါ်ဆွဲထုတ်၊ မဲမသမာမှုတွေကို ဖုံးဖိပြီး အာဏာကိုဖြတ်လမ်းနည်းနဲ့ပြန်ယူဖို့ ကြိုးစားနေတာကတော့ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စရပ်တွေပါ။**

## ကျောက်ဆည်၌ ပျိုးဗန်းစနစ်ဖြင့် စပါးမျိုးများပျိုးထောင်လာ

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် စပါးစိုက်တောင်သူများ စပါးပျိုးထောင်ရာတွင် မြေနေရာကျဉ်းကျဉ်းနှင့် မျိုးစေ့ကုန်ကျမှုသက်သာသော ပျိုးထောင်နိုင်သည့် ပျိုးဗန်းစနစ်ဖြင့် စပါးများပျိုးထောင်လာကြောင်း သိရသည်။

ထိုသို့ ပျိုးဗန်းစနစ်ဖြင့် စပါးမျိုးများ ပျိုးထောင်ရာတွင် အမြင့် တစ်လက်မ၊ အလျားနှစ်ပေ၊ အနံတစ်ပေရှိ ပလတ်စတစ် ပျိုးဗန်းများတွင် ရေဆွတ်ထားသည့် သတင်းစာစက္ကူများခင်းပြီးနုန်းမြေ သုံးဆ၊ ဖွဲပြာတစ်ဆ ရောကာ စပါးမျိုးစေ့ နို့ဆီဘူးတစ်ဘူးခန့် ညီညာစွာဖြူး၍ ဖွဲပြာဖုံးကာ ရေလောင်း၍မျိုးထောင်ရကြောင်း၊ အပင်ပေါက်ညီညာစေရန်အတွက် ပျိုးဗန်းများကိုလေဝင်လေထွက်ကောင်းသည့် အရိပ်တွင်ထားရှိကာ ရေဖျန်းခြင်းများဆောင်ရွက်ရပြီး လိုအပ်ပါက အမြစ်ပွားဆေးအသုံးပြုရကြောင်း သိရသည်။

ပျိုးဗန်းစနစ်ဖြင့် စပါးစိုက်ပျိုးမည်ဆိုပါက စပါးတစ်ဧကအတွက် မျိုးစေ့ ရှစ်ပြည်မှ ၁၀ ပြည်အထိ အသုံးပြုရပြီး စိုက်ပျိုးရာတွင်လည်း ပျိုးသက်နုချိန် ၁၄ ရက်မှ ၁၆ ရက်အတွင်း စိုက်ပျိုးရသောကြောင့် အပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းသောကြောင့် စပါးစိုက်တောင်သူများ စိတ်ဝင်စားမှုများလာပြီး ပျိုးဗန်းစနစ်ဖြင့် ပိုမိုပျိုးထောင်လာကြကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**





## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဒလမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသ

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီတွင် လယ်မြေ ၄၆၇၄၂ ဧက စိုက်ပျိုးနိုင်ရန် လျာထားပြီး မိုးစပါးစိုက်ပျိုးကြသော ဒေသခံ တောင်သူကြီးများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စပါးအထွက်နှုန်းကောင်းမွန်စေရေးအတွက် ခေတ်မီနည်းပညာဖြစ်သော ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းကို ဇူလိုင် ၄ ရက်က ပျော်ဘွယ်ကြီး စံပြကျေးရွာ၌ ကျင်းပသည်။

ယခင်က ဆန်စပါးစိုက်ပျိုးရာတွင် သမားရိုးကျ ကောက်စိုက်တံဖြင့် သီးနှံစိုက်ပျိုးခြင်းထက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက သီးနှံအထွက်နှုန်း ကောင်းမွန်စေခြင်း၊ လုပ်ငန်းခွင်တွင်ကျယ်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာဖြေရှင်းပေးနိုင်ခြင်း၊ အလုပ်သမားခ ကုန်ကျမှုသက်သာခြင်း၊ ကောက်စိုက်စက်ဖြင့် တစ်ရက်လျှင် ရှစ်ဧက အထိ စိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသူက ဒေသခံတောင်သူများအား အသိပညာပေးပြောကြားသည်။

ဒလမြို့နယ်သည် နွေရာသီကာလ ရေချိုရရှိမှု နည်းပါးခြင်းကြောင့် နွေစပါးသီးနှံစိုက်ပျိုးရာတွင် စိုက်ဧက ၇၀၀ ကျော်ကိုသာ နှစ်စဉ်စိုက်ပျိုးနိုင်ပြီး မိုးရာသီကာလတွင်သာ မိုးစပါးစိုက်ဧက ၄၆၇၄၂ ဧက စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**နိုင်လင်းကျော်(IPRD)**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၁) နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၁) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဘောလုံးပြိုင်ပွဲများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၃)တွင် မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက သုံးဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၁)တွင် ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၃)တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လေးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။





**အခမဲ့ကြည့်ရှုနိုင်**

ဇူလိုင် ၆ ရက်တွင် ပြိုင်ပွဲများရပ်နားပြီး ဇူလိုင် ၇ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ရုပ်သံလိုင်းနှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအတွင်းသို့ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း ဦးဆောင်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဝင်များဖြစ်သော ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးမှ သံမှူးကြီးနှင့် အလုပ်သမားသံအရာရှိအပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ဌာန ညွှန်ကြားရေးမှူးချုပ် Mr. Phairoj Chotikasatien ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံအစိုးရအဖွဲ့ အစည်းအဝေးမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်း၊ ကျန်းမာရေးအာမခံမှတ်ပုံတင်ခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့် (Work Permit) မှတ်ပုံတင်ခြင်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်အထိ တိုးမြှင့်ပေးခဲ့သည့်ကိစ္စ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအလုပ်သမားများ အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်သက်တမ်းတိုး ဆောင်ရွက်နိုင်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်နေကြသော ပြည်ဝင်ခွင့်ဗီဇာသက်တမ်း လေးနှစ်ပြည့်ပြီးဖြစ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လာရန်မလိုအပ်ဘဲ ထိုင်းနိုင်ငံအတွင်း၌သာ နိုင်ငံကူးလက်မှတ်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ကိုင်ဆောင်ထားသူများကို သက်တမ်းတိုးအသစ်ထုတ်ပေးနိုင်ရေး၊ CI သက်တမ်းတိုးစခန်းများ ဖွင့်လှစ်နိုင်ရေး၊ တရားမဝင်အလုပ်သမားများကို တရားဝင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ၊ MoU လုပ်ငန်းစဉ်များ ပြန်လည်စတင်နိုင်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ခွင့်များ အပြည့်အဝရရှိနိုင်ရေး စသည့်ကိစ္စရပ်များကို နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်တံခါး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက ကွင်းမြောက်ရပ်ကွက်ရှိ အိမ်ထောင်စု ၅၀ အတွက် နိုင်ငံသားစိစစ်ရေး ကတ်အသစ်ပြုလုပ်ခြင်း၊ လဲလှယ်ခြင်းနှင့် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။

ကျောက်တံခါး မြို့နယ်၌ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန်ကျန်ရှိသူ ၇၀၈၃ ဦးအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ထိ (၁၆) နှစ်အထက် နိုင်ငံသားစိစစ်ရေး ကတ်အသစ် ၁၃၃၈ ဦး၊ လဲလှယ် ၂၉၈ ဦး၊ မိတ္တူ ၅၀၀၊ အိမ်ထောင်စု လူဦးရေစာရင်း ၁၇ စု တို့ကို ထုတ်ပေးပြီးဖြစ်ကြောင်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ သိရသည်။

**စန်းစန်း**



# ကသာမြို့နယ်၌ ရောဝတီမြစ်ရေ ဆက်လက်မြင့်တက်

**ကသာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ရောဝတီမြစ်ရေ ဆက်လက် မြင့်တက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းတာချက်အရ မြစ်ရေမှာ စင်တီမီတာ ၈၈၀ သို့ ရောက်ရှိခဲ့ပြီး ကသာမြို့နယ် ရောဝတီမြစ်အလယ်ရှိ လက်ပံဇင်ကျေးရွာ (ရေလယ်ကျွန်း)တွင် မြစ်ရေ လေးပေခန့် ဝင်ရောက်လာသဖြင့် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက နွား ၈၇ ကောင်နှင့် မြင်းနှစ်ကောင်တို့အား ရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။



ဇူလိုင် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြစ်ရေမှာ ၇၇၆ စင်တီမီတာသာ ရှိခဲ့သည်။

ကသာမြို့၏ စိုးရိမ်ရေအမှတ်မှာ စင်တီမီတာ ၁၀၄၀ ဖြစ်ပြီး ယခုအခါ မိုးရာသီဖြစ်သည့်အပြင် မြစ်ရေအဆက်မပြတ်မြင့်တက်နေသောကြောင့် မြစ်ကမ်းတစ်လျှောက်နေထိုင်ကြသူများ၊ မြေနိမ့်ပိုင်းနေထိုင်ကြသူများ အထူးသတိထားနေထိုင်ကြရန် လိုအပ်ကြောင်း သိရသည်။

**အေးမြသက်ထား**

# အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ ရဲစစ်ဆေးဆဲ အမှုအချို့မှ အချုပ်သူ၊ အချုပ်သားများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်လွှတ်ပေးခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် (၁၀/ ၂၀၂၁)

၁။ နိုင်ငံပိုင်သတင်းမီဒီယာများအရ သဘင်၊ ဂီတ၊ ရုပ်ရှင်လောကမှ အနုပညာရှင်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်တရားစွဲဆိုထားသူများအနက်မှ (၂၄) ဦးနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ အမှုဖွင့်အရေးယူထားသူများအနက်မှ ပထမဦးစားပေးအဖြစ် ရဲစစ်ဆေးဆဲအမှု အမျိုးသား၊ အမျိုးသမီး (၈၆) ဦး၊ တရားရုံး စစ်ဆေးဆဲအမှု အမျိုးသား၊ အမျိုးသမီး (၂၂၁၀) ဦး၊ စုစုပေါင်း (၂၃၉၆) ဦး တို့ကို သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုရုပ်သိမ်းပေးခဲ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့ခြင်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အားတက်မိပါသည်။

၂။ အထက်ပါပြန်လည်စေလွှတ်ပေးခဲ့သည့် အမှုရင်ဆိုင်ဆဲ အချုပ်သူ၊ အချုပ်သားများတွင် သတင်းမီဒီယာသမားများလည်း ပါဝင်ခဲ့ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ကြေညာချက် (၆/၂၀၂၁) အရ သိရှိရပါသည်။ ယင်းကဲ့သို့ အနုပညာရှင်များ၊ သတင်းမီဒီယာသမားများ အပါအဝင် အမှုရင်ဆိုင်ဆဲ အချုပ်သူ၊ အချုပ်သားများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုရုပ်သိမ်းကာ ပြန်လွှတ်ပေးခဲ့ခြင်းအပေါ် သက်ဆိုင်ရာမိသားစုများ၊ နိုင်ငံသူ နိုင်ငံသားများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်း အသီးသီးတို့ကလည်း စိတ်အားတက်ကြွကြမည်ဟု ယုံကြည်ပါသည်။

၃။ ယခုကဲ့သို့ COVID-19 ကူးစက်ရောဂါ၏ ခြိမ်းခြောက်မှုကို မြန်မာနိုင်ငံအပါအဝင် လူသားမျိုးနွယ်များအားလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်ကာလတွင် အမှုဖွင့်လုစ်ထားခြင်းမှ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ရုပ်သိမ်းပြန်လွှတ်ပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှုများနှင့် လူ့အခွင့်အရေးရှုထောင့်များမှ အလွန်အရေးပါသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်သည့်အပြင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကို အတိုင်းအတာတစ်ရပ်အထိ အထောက်အပံ့ဖြစ်စေမည်ဟု ကော်မရှင်မှ ရှုမြင်ပါသည်။

၄။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ကြေညာချက်တွင် ပြန်လည်လွတ်မြောက်လာသည့် သတင်းမီဒီယာသမားများအနေဖြင့် စတုတ္ထမဏ္ဍိုင်ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော ကျင့်ဝတ်နှင့် စံနှုန်းများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းချက်ကိုလည်း ကြိုဆိုအပ်ပါသည်။

၅။ အလားတူ ဆောင်ရွက်ချက်များ မကြာသေးမီကာလအတွင်း ထပ်မံပေါ်ထွက်လာပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ပိုမိုအရှိန်အဟုန်မြင့်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြင်းပြစွာ မျှော်လင့်မိပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်**

○ ရှေ့ဖုံးမှ

ရောက်ရှိနေပြီဖြစ်သည်။ အကြောင်းကား ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံတော်က ရာသီမရွေးသွားလာနိုင်သော ကားလမ်းကွန်ရက်များ ဖောက်လုပ်ပေးလိုက်ခြင်းကြောင့်ဖြစ်သည်။ လမ်းကွန်ရက်များကို မူလက ငါးသွယ်ဖြင့် စခဲ့သော်လည်း ၁၁ သွယ်အထိ ဖြစ်လာခဲ့သည်။ ယင်းတို့မှာ မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း (၄၄ မိုင် ခြောက်ဖာလုံ)၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း – သစ်ပုတ်ကွင်း – ပေါက်-ပြင်စလူလမ်း (၇၂ မိုင် သုံးဖာလုံ)၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း(၃၅ မိုင် နှစ်ဖာလုံ)၊ လပွတ္တာ(ကျောက်ဖျာလေး)သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း (၅၅ မိုင် တစ်ဖာလုံ)၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း(၄၂ မိုင်)၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း (၃၈ မိုင် ငါးဖာလုံ)၊ ဖျာပုံ-ကျုံကဒွန်း-ဒေါင်ငြိမ်း-အမာလမ်း (၅၁ မိုင်)၊ ကျုံကဒွန်း-စက်ဆန်းလမ်း (၁၇ မိုင် ခြောက်ဖာလုံ)၊ ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း (၉၅ မိုင်)၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း (၂၂ မိုင် ငါးဖာလုံ)၊ ပုသိမ်-ငပုတောလမ်း (၁၉ မိုင် ငါးဖာလုံ) စုစုပေါင်း လမ်းကွန်ရက် ၁၁ သွယ်၊ မိုင်ပေါင်း (၄၉၄ မိုင် ၃ ဖာလုံ)တို့ဖြစ်သည်။

တံတားများကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပုသိမ်တံတားအမှတ်(၁)၊ (၂)၊ မြောင်းမြတံတား၊ လေးမျက်နှာတံတား၊ ဝါးခယ်မတံတား၊ ရွှေသောင်ယံတံတား၊ ဝေါ်ကဲတံတား စသည့် ပေ ၁၈၀ အထက် တံတားကြီး ၉၃ စင်း၊ ပေ ၁၈၀ အောက် ကွန်ကရစ်တံတား ၉၄၂ စင်း၊ ဘေလီတံတား ပေ ၁၈၀ အထက် ၄၄ စင်း၊ ပေ ၁၈၀ အောက် ၆၁ စင်း၊ သစ်သားတံတား ပေ ၁၈၀ အထက် ကိုးစင်း၊ ပေ ၁၈၀ အောက် အစင်း ၅၀၊ ရေပြွန်/ရေကျော် တံတား ပေ ၁၈၀ အောက်အစင်း ၁၅၆၀ ရှိပြီး တံတားစုစုပေါင်း ၂၇၅၉ စင်း တည်ဆောက်ပေးထားသည်။

ယင်းသို့ နိုင်ငံတော်က တည်ဆောက်ဖောက်လုပ်ပေးလိုက်သော လမ်းကွန်ရက်များ၊ တံတားစီမံကိန်းကြီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း အလျားလိုက် လမ်းမကြီးလေးသွယ်ဖြစ်သည့် ရန်ကုန် – ညောင်တုန်း – ဓနုဖြူ-ငသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ်-ဆနဲခမောင်း – တပ်တောင်း – အမ်း-မြောက်ဦး – ကျောက်တော် – ဘူးသီးတောင် – မောင်တော – စစ်တွေကားလမ်း၊ ပုသိမ် – ငသိုင်းချောင်း-ကွင်းကောက်- ဘက်ရဲ- ဥသျှစ်ပင်- ပဒန်း-ကံပြား- ကဇွန်းမ- မြိုင်- ဆားလင်းကြီး-မုံရွာကားလမ်း၊ ပုသိမ်- ရေကြည်-ကျုံပျော်-အထောင်-ဟသာ်တ-အင်္ဂပူ-မြန်အောင်-ကြံခင်း – ဘက်ရဲ ကားလမ်း၊ ပုသိမ်-မော်တင်စွန်း ကားလမ်းနှင့် ပြည်ထောင်စုစာရင်းဝင် ကန့်လန့်ဖြတ်လမ်းမကြီးကိုးသွယ်ဖြစ်သည့် ရန်ကုန်-ညောင်တုန်း-ဓနုဖြူ-ငသိုင်းချောင်း-ဂွ၊ ရန်ကုန်-ညောင်တုန်း-ပန်းတနော်-ဝါးခယ်မ-ကျုံမငေး-လပွတ္တာ၊ ရန်ကုန်-ညောင်တုန်း-ကျောင်းကုန်း – ပုသိမ်၊ ရန်ကုန်-ကျိုက်လတ်-မော်လမြိုင်ကျွန်း၊ ရန်ကုန်-ဒေးဒရဲ- ဖျာပုံ-ဘိုကလေး-ကျိုက်ပိ-မော်လမြိုင်ကျွန်း၊ ရန်ကုန်- ဒေးဒရဲ-ဖျာပုံ- ကျုံကဒွန်း- ဒေါ်ညိမ်း- ဆိတ်မ-အမာ၊ ရန်ကုန်- တွံတေး- မအူပင်-မော်လမြိုင်ကျွန်း၊ ပုသိမ်- ငပုတော-လပွတ္တာ၊ ပုသိမ်- မြောင်းမြ- လပွတ္တာ၊ အလျားလိုက်နှင့် ကန့်လန့်ဖြတ်လမ်းမကြီးများနှင့် ဆက်သွယ်ပေါင်းဆုံပြီး ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ယခင်က ရေလမ်းခရီးမော်တော်စီး၍ သွားလာနေရသည့်ဘဝမှ ယခုအခါ ကားနှင့် ပတ်၍ရသည်အထိ တိုးတက်လျက်ရှိနေပြီဖြစ်သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး ဖောက်လုပ်ခြင်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိခြင်း စသောစီမံကိန်းကြီးများသည်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်သူများအတွက် အားတက်သဖွယ် ဖြစ်ရသည်။ ယင်းနောက် မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာ ရေနံမြေများကို ရှာဖွေတွေ့ရှိသောအခါ "ရွှေမည်းကို မြေထဲက တူးဖော်နိုင်ပြီ" ဟု ကြွေးကြော်နိုင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့မှ အနောက်စူးစူးသို့ ထိုးထွက်လာသော အမှတ်(၅) ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးနှင့် တံတားကြီးများ၊ လမ်းကွန်ရက်များ၊ မြစ်ရေတင်စီမံကိန်းများ၊ ငှင်းစီမံကိန်းများ၏ အကျိုးဆက်ဖြစ်သော မိုးစပါး၊ နွေစပါးများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ အဏ္ဏဝါသိပ္ပံသုတေသန ခတ်ခွဲခန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများနှင့် မိုက်ခရိုဝေ့ဖ်စခန်းများ၊ ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ၊ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် ပြည်ပရေအောက် ကေဘယ်လ်စခန်းများ၊ တိုင်းဒေသကြီးအတွင်း ပေါ်ထွက်လာသောအပန်းဖြေစရာ ငွေဆောင်၊ ချောင်းသာတို့လို သဘာဝကမ်းခြေ အလှအပများ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် အခြားသော မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍသစ် စသည်တို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် ယခုအခါ ဖွံ့ဖြိုးဝေစည်နေပြီဖြစ်သည်။

**ချမ်းမြေ့မောင်**



ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုးတက်ဖြစ်ထွန်းလာသော အပန်းဖြေကမ်းခြေ အလှတစ်ခုကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး၏ တိုးတက်မှုအဖြစ် ထွက်ပေါ်လာသော ပုသိမ်-ရန်ကုန်အဝေးပြေးလမ်းမကြီးကို တွေ့ရစဉ်။

# ကမ္ဘာကြီးအားတွေ့မြင်ခြင်း - အံ့ဖွယ်၊ လမ်းစပေါ်လာခြင်း - တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်နိုင်သည့်စွမ်းရည်၊ ကမ္ဘာ့နိုင်ငံအသီးသီးခေါင်းဆောင်များ၏အမြင်ရှိ တရုတ်လမ်းကြောင်း

ယခုနှစ်သည် တရုတ်ကွန်မြူနစ်ပါတီ ထူထောင်သည့် နှစ် (၁၀၀) ပြည့်ဖြစ်ပါသည်။ ထူထောင်သည့် နှစ်(၁၀၀)အတွင်း၌ တရုတ်ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံဟူသည့် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးကို ဦးဆောင်၍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းသို့ တက်ရောက်ပြီး လူများအားကျဖွယ်ရာအောင်မြင်မှုနှင့် ကမ္ဘာကြီး၏ လေးစားမှုကို ရရှိခဲ့ပါသည်။

နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများက လတ်တလောတွင် တရုတ်နိုင်ငံက ရရှိထားသည့် အောင်မြင်မှုများကို ချီးကျူးခဲ့ပြီး တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ ကြံ့ခိုင်သော ဦးဆောင်မှုနှင့် မှန်ကန်သောဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း၏ ရလဒ်ဖြစ်ပြီး အခြားနိုင်ငံများက မိမိ၏ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအတွက် အရေးပါသည့် လမ်းစဖော်ပေးမှုရှိကြောင်း ပြောကြားပါသည်။

**အင်အားကောင်းသည့် ဦးဆောင်မှုစွမ်းရည် မဖြစ်မနေလိုအပ်သည်။**

လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း၊ အာဏာရပါတီဖြစ်သည့် လာအိုပြည်သူ့ တော်လှန်ရေးပါတီ ယခင်ဗဟိုကော်မတီအကြံပေး Somsavat Lengsavad က "တရုတ်နိုင်ငံလိုမျိုး နိုင်ငံကြီးက တိုတောင်းလှတဲ့ နှစ် ၄၀ ကျော်အတွင်းမှာ ကမ္ဘာ့ဒုတိယအင်အားအကြီးဆုံး စီးပွားရေးအသိုက်အဝန်းဖြစ်လာလိမ့်မယ်လို့ တစ်ကမ္ဘာလုံးက တွေးထင်မိမှာမဟုတ်ဘူး။ ဒါကအင်မတန်မှ တော်တဲ့အောင်မြင်မှုတစ်ခုပါ" ဟုပြောကြားခဲ့သည်။

Somsavat Lengsavad က တရုတ်ကွန်မြူနစ်ပါတီ၏ ထက်မြက်မှုနှင့် ကြံ့ခိုင်သည့် ဦးဆောင်မှုသည် အောင်မြင်မှုရရှိမှုကို အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်ဖြစ်သည်ဟု ပြောကြားပါသည်။

ဘူလ်ဂေးရီးယားကွန်မြူနစ်ပါတီ အတွင်းရေးမှူး (၁) Alexandar Paunov က "တရုတ်အံ့ဖွယ်" ကို မှတ်ချက်ပေးရာမှာတော့ "ကျွန်တော့်အမြင်မှာတော့ တရုတ်နိုင်ငံရဲ့အံ့ဖွယ်က အဓိကအားဖြင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကြောင့်ပဲ ဖြစ်ပါတယ်။ ၎င်းတို့က ဒီတက်ကြွမှုတွေ ပြည့်ဝနေတဲ့ကမ္ဘာကြီးမှာ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ရှာတွေ့သွားလို့ပဲဖြစ်ပါတယ် ယင်းသည် တရုတ်ဝိသေသ ဆောင်သော ဆိုရှယ်လစ်ဝါဒဖြစ်သည်" ဟု ပြောကြားပါသည်။

ပီရူးကွန်မြူနစ်ပါတီ (Red Fatherland) ဥက္ကဋ္ဌ Alberto Moreno က "တရုတ်ကွန်မြူနစ်ပါတီ လျှောက်လှမ်းတဲ့ တရုတ်ဝိသေသဆောင်သော ဆိုရှယ်လစ်လမ်းစဉ်က မူရင်းဖန်တီးမှုဖြစ်ပြီး လက်ရှိ ကမ္ဘာကြီး၏လိုအပ်ချက်နဲ့ လိုက်လျောညီထွေသလို တရုတ်နိုင်ငံရဲ့ နိုင်ငံအခြေအနေနဲ့လည်း ကိုက်ညီပါတယ်" ဟုပြောကြားပါသည်။

အီရတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Raed Fahmi က တရုတ်ဝိသေသဆောင်သည့် ဆိုရှယ်လစ်ဝါဒသည် ကြီးမားသည့် သမိုင်းအတွေ့အကြုံတစ်ခုဖြစ်ပြီး အီရတ်ကွန်မြူနစ်ပါတီက သုတေသနပြုလုပ်ကာ အတုယူဖို့ စိတ်အားထက်သန်လျက်ရှိကြောင်း ပြောကြားပါသည်။

ပနားမား အာဏာရပါတီ ဒီမိုကရစ်တစ်တော်လှန်ရေးပါတီ နိုင်ငံတကာဆက်ဆံရေး အတွင်းရေးမှူး Hector Aleman က တရုတ်ကွန်မြူနစ်ပါတီသမိုင်း၏ အဆင့်တိုင်းတွင် ထူးချွန်သည့် ခေါင်းဆောင်များရှိပြီး အဆင့်တိုင်း၏ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ရည်မှန်းချက်ကို ဖော်ဆောင်နေပါသည်ဟု ပြောကြားပါသည်။

**ဖွံ့ဖြိုးတိုးတက်မှုသည် လူသားများအား အကျိုးပြုသည်။**

စည်းလုံးညီညွတ်ရေး ဆီးရီးယားကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် Najm al-Deen al-Kharit က ၎င်းသည် တရုတ်နိုင်ငံသို့ ခရီးစဉ်နှစ်ကြိမ်ရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် တိုက်တာတည်ဆောက်ရေးနှင့် ပြည်သူ့ဘဝကောင်းမွန်လာစေရေးတို့အပေါ် နက်ရှိုင်းစွာ အမှတ်ထင်ကျန်ရစ်ခဲ့ကြောင်း ပြောကြားပါသည်။

> **နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများက လတ်တလောတွင် တရုတ်နိုင်ငံက ရရှိထားသည့် အောင်မြင်မှုများကို ချီးကျူးခဲ့ပြီး တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ ကြံ့ခိုင်သောဦးဆောင်မှုနှင့် မှန်ကန်သောဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း၏ရလဒ်ဖြစ်ပြီး အခြားနိုင်ငံများက မိမိ၏ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအတွက် အရေးပါသည့်လမ်းစဖော်ပေးမှုရှိကြောင်း ပြောကြား။**

တရုတ်နိုင်ငံက လျင်မြန်သည့်ဖွံ့ဖြိုးတိုးတက်မှုဖြင့် ပြည်သူများအတွက် လက်တွေ့ကျကျ အကျိုးစီးပွားသယ်ဆောင်လာပေးသည်ကို နက်ရှိုင်းစွာ အမှတ်ထင်ကျန်ရစ်သည်မှာ Najm al-Deen al-Kharit တင်မဟုတ်ပါ။

လက်ဘနွန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် Adham Sayed က "တရုတ်နိုင်ငံက ကပ်ရောဂါကို ထိန်းချုပ်တဲ့ လျှို့ဝှက်ချက်က ပြည်သူများရဲ့ ကျန်းမာရေးကို ပထမဆုံးနေရာမှာ ထားရှိခြင်းပဲ ဖြစ်ပါတယ်" ဟုပြောကြားပြီး ယင်းသည်တရုတ်ကွန်မြူနစ်ပါတီက ကပ်ရောဂါ အဆိုးရွားဆုံးကာလနှင့် နောက်ပိုင်းတွင် တရုတ်ပြည်သူများ၏ အကျိုးစီးပွားအတွက် အကျိုးထမ်းဆောင်မှုကို ပေါ်လွင်စေပါသည်။

Adham Sayed က "နိုင်ငံရေးပါတီတစ်ခုသည် ဆက်လက်ရှင်သန်လိုပါက ပြည်သူ့အကျိုးစီးပွားကို ထိပ်ဆုံးမှာထားရပါမယ်။ ဒါကလည်း တရုတ်ကွန်မြူနစ်ပါတီက ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တစ်ခုလုံးမှာ လုပ်ဆောင်တဲ့အရာဖြစ်ပါတယ်"ဟု ပြောကြားပါသည်။

ဟန်ဂေရီ ဝန်ကြီးချုပ်ဟောင်း Peter Medgyessy က တရုတ်နိုင်ငံ၏ သိပ္ပံနည်းပညာ အောင်မြင်မှုအပေါ် နက်ရှိုင်းစွာအမှတ်ထင်ကျန်ရစ်ခဲ့ပြီး "တရုတ်နိုင်ငံ၏ လူနေမှုဘဝ အရည်အသွေးသည်လည်း ကြီးမားသည့် ပြောင်းလဲမှုဖြစ်ပွားလာပါတယ်။ ဒါကနည်းပညာ တိုးတက်မှုထက် ပိုပြီးအရေးကြီးပါတယ်" ဟု ပြောကြားသည်။

Peter Medgyessy က "အဆိုပါ ပါတီရဲ့ အောင်မြင်မှုက အဓိကအားဖြင့် ကိစ္စရပ်နှစ်ခုကို အခြေခံပါတယ်။ ပထမအနေနဲ့ ရေရှည်ထိန်းသိမ်းလို့ရတဲ့ တည်ငြိမ်တဲ့တန်ဖိုးတစ်စုံကို ကိုယ်စားပြုနေပါတယ်။ ဒုတိယအနေနဲ့ ၎င်းက အလွန်ကောင်းမွန်တဲ့ မိမိကိုယ်ကို ပြန်လည်ဆန်းသစ်နိုင်စွမ်း ရှိပါတယ်" ဟုပြောကြားသည်။

ဆီးရီးယားအာဏာရပါတီ al-Baath ပါတီ၏ အဓိကအဖွဲ့ဝင် Mahdi Dakhlallah က "ပြည်သူကို အဓိကထား" သည့် သဘောတရားသည် တရုတ်နိုင်ငံကို ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးသည်ဟု ပြောကြားပါသည်။

**ကမ္ဘာကြီး၏ဉာဏ်ပညာ**

ဗင်နီဇွဲလား စည်းလုံးညီညွတ်ရေး ဆိုရှယ်လစ်ပါတီ ဒုတိယဥက္ကဋ္ဌ Adan Chavez သည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လေးကြိမ်ရောက်ရှိခဲ့ပါသည်။ ၎င်းက တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်သိပ္ပံနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၏ မဏ္ဍိုင်ဖြစ်ပြီး ပြည်သူများရရှိသည့် အောင်မြင်မှုသည် "ကမ္ဘာကြီး အခြားနေရာများ၏ စံပြဖြစ်ရုံသာမက မျှော်လင့်ချက်၏ ပြယုဂ်လည်းဖြစ်ကြောင်း" ပြောကြားပါသည်။

Adan Chavez က "တရုတ်ပြည်သူတွေက တရုတ်ဝိသေသဆောင်သည့် ဆိုရှယ်လစ်ဝါဒ မူဝါဒကို လက်ကိုင်စွဲသည့်တစ်ချိန်တည်းတွင် အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီအပေါ် အင်တိုက်အားတိုက် ထောက်ခံမှုကို ကျွန်တော်တို့ မျက်မြင်မြင်တွေ့လိုက်ပါတယ်" ဟုပြောကြားသည်။

ဗင်နီဇွဲလား ပါတီအဆင့်မြင့်အရာရှိက "ရှီကျင့်ဖျင်၏ နိုင်ငံရေးရာစီမံခန့်ခွဲမှု"စာအုပ် တတိယအတွဲအကြောင်းပြောရာတွင် ထိုစာအုပ်သည် ဆိုရှယ်လစ်ဝါဒတည်ဆောက်ရေးတွင် အောင်မြင်မှုရရှိရန်လိုအပ်သည့်အဆင့်များနှင့် တရုတ်နိုင်ငံခေါင်းဆောင်များ၏ အမြင်အသစ်ကို သရုပ်ဖော်ရေးသားထားပါသည်။

၎င်းက တရုတ်နိုင်ငံသည် နိုင်ငံအသီးသီးကို လွတ်လပ်မှုနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ ရယူရန် အားပေးအားမြှောက်ပြုနေကြောင်း၊ တရုတ်ပြည်သူများရရှိသည့် ကြီးမားသောတိုးတက်မှုသည် ဆိုရှယ်လစ်ဝါဒက "လူသားများအပေါ် အကျိုးသက်ရောက်မှုရှိသည့် အရေးကိစ္စများအား ဖြေရှင်းရန်အတွက်" ထိရောက်သည့်နည်းလမ်းဖြစ်ကြောင်း ထင်ရှားစွာသက်သေထူနေသည်ဟု ပြောကြားပါသည်။

မက္ကဆီကိုနိုင်ငံ Institutional Revolutionary ပါတီ နိုင်ငံတကာရေးရာ အတွင်းရေးမှူး Sofia Carvajal က တရုတ်ကွန်မြူနစ်ပါတီသည် နှစ်တစ်ရာ နိုင်ငံရေးပါတီကြီးအနေဖြင့် အမြဲတစေနှင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်နေပြီး အဆက်မပြတ် ဆန်းသစ်တီထွင်နေကြောင်း၊ အဆိုပါကဏ္ဍတွင် ၎င်း၏နိုင်ငံရေးပါတီသည် တရုတ်ကွန်မြူနစ်ပါတီထံ လေ့လာသင်ယူပြီး အဆက်မပြတ် ဆန်းသစ်တီထွင်၊ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ အဆက်မပြတ်ပြောင်းလဲနေသည့် တောင်းဆိုချက်ကို လိုက်လျောညီထွေအောင်ဆောင်ရွက်၍ အများပြည်သူ၏ထောက်ခံအားပေးမှုကို ရယူနိုင်ကြောင်း ပြောကြားပါသည်။

Peter Medgyessy က တရုတ်နိုင်ငံ၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာအတွင်း၌ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အရေးဖန်တီးပေးလိုက်ပြီး တရုတ်နိုင်ငံက ကမ္ဘာကြီးအပေါ် အကျိုးသက်ရောက်မှုက "အလွန်သိသာထင်ရှား" ပါသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့်တံခါးဖွင့်မှုသည် ဘီလာရုစ်နိုင်ငံအပါအဝင် အခြားနိုင်ငံများအတွက် အရေးပါသောအတွေ့အကြုံဖြစ်ပါသည်။ ဘီလာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Anatoly Tozik က "တရုတ်နိုင်ငံရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် စိတ်ဝင်စားဖွယ်ရာကိစ္စများစွာရှိပါတယ်။ ယနေ့မှာတော့ ဒါတွေက ကျွန်တော်တို့နိုင်ငံနဲ့ အလွန်ပတ်သက်နေတယ်လို့ ကျွန်တော်ယူဆပါတယ်" ဟုပြောကြားသည်။

၎င်းက "တရုတ်နိုင်ငံ၏ နိုင်ငံတော်အင်အားနှင့် စီးပွားရေးအင်အား တိုးတက်လာမှုသည် လူသားများအပေါ် ခြိမ်းခြောက်မှုမဟုတ်ဘဲ လူတိုင်းက လက်ရှိ အင်မတန်ခက်ခဲတဲ့ကာလနဲ့ လူသားနေထိုင်မှုဘဝမှာ အလွန်အမင်းခက်ခဲတဲ့ကာလကို ကျော်ဖြတ်ရေးအတွက် အပိုအခွင့်အရေးဖြစ်တယ်" ဟုပြောကြားသည်။ ။

Source - ဆင်ဟွာသတင်းဌာန

## ကွန်ဟိန်းမြို့၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကွန်ဟိန်း ဇူလိုင် ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိရာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့် ဝန်ထမ်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ဇူလိုင် ၅ ရက် နံနက် ၉ နာရီက စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်းသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ စစ်ဗျူဟာအဖွဲ့ (အခြေချ)ကွန်ဟိန်းဆေးတပ်ဖွဲ့မှ စနစ်တကျဆောင်ရွက်ပေးလျက်သည်။

အဆိုပါ ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုသည် ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း ၅၃ ဦး လာရောက်ထိုးနှံခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**





## တနင်္သာရီမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**တနင်္သာရီ ဇူလိုင် ၅**
တနင်္သာရီတိုင်းဒေသကြီးတနင်္သာရီမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး မထိုးနှံရသေးသော ပညာရေးဌာနဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြည်သူများအား ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲမှစ၍ ညနေ ၄ နာရီအထိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(စတုတ္ထ)အသုတ်၊ (ပထမ)အကြိမ်ကို တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ဒေါက်တာ ဒေါ်နွေးဟေမာသင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ညောင်ပင်ကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးမြတ်သီလနှင့် ကျန်းမာရေးဝန်ထမ်း ၁၀ ဦးတို့က ထိုးနှံပေးသည်။

ယင်းနေ့တွင် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် ဝန်ထမ်း ၈၈ ဦး၊ တနင်္သာရီမြို့ပေါ်ရှိ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ် ရပ်ကွက်အတွင်းမှ အသက်၁၈နှစ်ပြည့် ဒေသခံပြည်သူ ၃၇ ဦး စုစုပေါင်း ၁၂၅ ဦးတို့အား ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး နောက်ထပ် ရက်သတ္တလေးပတ်ပြည့်သည့်အခါတွင် ဒုတိယအကြိမ် လာရောက်ထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း
(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး နှာခေါင်းစည်းများဝေငှပေး

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့တွင် ဇူလိုင် ၅ ရက် နံနက် ၇ နာရီမှစတင်၍ လူစည်ကားရာနေရာဖြစ်သည့် စည်ပင်သာယာဈေးရှေ့လမ်းမကြီးပေါ်နှင့် ဈေးအတွင်း၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် ပင်လည်ဘူးမြို့စည်ပင်သာယာဈေးအတွင်း၌ ဈေးရောင်းသူများ၊ ဈေးလာဝယ်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်စေခြင်းနှင့် အသိပညာများပေးခြင်းတို့ကိုဆောင်ရွက်ပြီး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုအဖြစ် နှာခေါင်းစည်း အခမဲ့ လိုက်လံဝေငှခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်သောင်းက ဦးဆောင်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အေးဝင်းခိုင်**



**ကော့သောင်း**
ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ မြို့ခံလုပ်ငန်းရှင်များ၊ INGOနှင့် NGO အဖွဲ့များက ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်မှုဖြင့် ဇူလိုင် ၅ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ လမ်းသွားလာ ပြည်သူများအား နှာခေါင်းစည်းများ လိုက်လံဝေငှ တပ်ဆင်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့၏အချက်အချာနေရာဖြစ်သည့် ရွှေဇင်ယော်ရပ်ကွက် နန္ဒဝန်ဈေးလမ်းဆုံနှင့် ဆိပ်ကမ်းသာလမ်း တစ်လျှောက်သွားလာနေကြသည့် ပြည်သူများအား နှာခေါင်းစည်း အခု ၃၀၀၀ ကျော်ကို လိုက်လံဝေငှတပ်ဆင်ပေးခဲ့ကြသည်။

လမ်းသွားလာကြသူအများစုသည် နှာခေါင်းစည်းတပ်ဆင်ကြသော်လည်း စည်းကမ်းမလိုက်နာသည့်ပြည်သူတချို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရန်၊ ကျန်းမာရေးအသိသတိရှိကြရန် အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ကြရန် အသိပညာပေးခြင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်း စာစောင်များ ဝေငှခြင်း၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ အပြင်ထွက်သွားလာသူများအား တပ်ဆင်ပေးခြင်းဖြင့် ရောဂါထိန်းချုပ်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ကော့သောင်းခရိုင် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌဒေါ်အေးအေးအောင်က ပြောကြားသည်။

**ကျော်စိုး (ကော့သောင်း)**

**ဟိုပုံး**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်တားဆီးရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နေအိမ်မှ အပြင်သို့ ထွက်ခွာသည့်အခါ၊ လူစည်ကားရာနေရာများသို့ သွားလာသည့်အခါ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ကြရန်နှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ပြည်သူများအား အသိပညာပေးပြောကြားပြီး နှာခေါင်းစည်း အခု ၅၅၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဟိုင်းကြီးကျွန်း**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာရာတွင် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်းကို အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များ၌ လူစည်ကားရာနေရာများတွင် ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဟိုင်းကြီးကျွန်းမြို့ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် ကုန်စုံဆိုင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချရေး၊ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်စေရေး ကြပ်မတ်စစ်ဆေးပြီး နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့် ပြည်သူများအား နှာခေါင်းစည်း အခမဲ့ ဖြန့်ဝေတပ်ဆင်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**



# ဖိလစ်ပိုင်နိုင်ငံ လေယာဉ်ပျက်ကျမှု၌ သေဆုံးသူ ၅၀ အထိရှိလာ



**မနီလာ ဇူလိုင် ၅**

ဖိလစ်ပိုင်နိုင်ငံတောင်ဘက် ဂျိုလိုကျွန်းတွင် ဇူလိုင် ၄ ရက်က ဖြစ်ပွားသည့် C-130H အမျိုးအစား စစ်ဘက်လေယာဉ်ပျက်ကျမှုတွင် သေဆုံးသူဦးရေ ၅၀ အထိ ရှိလာကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဌာနက ယနေ့ပြောကြားသည်။

လေယာဉ်အမှုထမ်းများအပါအဝင် ခရီးသည် ၉၆ ဦး လိုက်ပါလာသည့် အဆိုပါလေယာဉ်သည် လေဆိပ်သို့ ဆင်းသက်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျမှုကြောင့် တပ်မတော်သား ၄၇ ဦး သေဆုံးကာ ၄၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လေယာဉ်ပျက်ကျသည့် နေရာတွင် ရှိနေသော အရပ်သားသုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားကာကွယ်ရေးဌာနက ပြောကြားသည်။

သင်တန်းဆင်း တပ်မတော်သားများကို တင်ဆောင်လာသည့် အဆိုပါလေယာဉ်သည် ဇူလိုင် ၄ ရက် ဒေသစံတော်ချိန်နံနက် ၁၁ နာရီခွဲခန့်က လေယာဉ်ပြေးလမ်း ကျော်ထွက်သွားပြီးနောက် ပျက်ကျကာ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အက်ဂ့်ါသ် အာရီဗာလိုက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် မကြာသေးမီက အမေရိကန်တပ်မတော်ထံမှ ဝယ်ယူထားသည့် အသုံးပြုပြီးသား လေယာဉ်ဖြစ်ကြောင်း ဖိလစ်ပိုင်လေတပ်၏ မှတ်တမ်းအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**



## တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၃ ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်

**ပေကျင်း ဇူလိုင် ၅**

တရုတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့် လုပ်ဆောင်လာခြင်းနှင့်အတူ ဇူလိုင် ၄ ရက်အထိ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၃ ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့ကြေညာသည်။

တရုတ်အစိုးရသည် နိုင်ငံအတွင်း ကာကွယ်ဆေး အခမဲ့ ထိုးနှံမှုအစီအစဉ်ကို ယခုနှစ်မတ်လ နှောင်းပိုင်းမှစ၍ အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြီး ၂၅ ရက်အတွင်း ကာကွယ်ဆေးအလုံးရေသန်း ၁၀၀ မှ သန်း ၂၀၀ အထိ သုံးစွဲခဲ့ပြီးနောက်ပိုင်းတွင် ၁၆ ရက်အတွင်း ကာကွယ်ဆေးအလုံးရေသန်း ၂၀၀ မှ သန်း ၃၀၀ အထိ သုံးစွဲနိုင်ခဲ့ကာ လက်ရှိတွင် ခြောက်ရက်အတွင်း ကာကွယ်ဆေး အလုံးရေသန်း ၈၀၀ မှ သန်း ၉၀၀ အထိ သုံးစွဲနိုင်ခဲ့သည်။

ထို့အပြင် တရုတ်အစိုးရသည် ယခုနှစ် ဇွန် ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံကျော်၊ ဇွန် ၂၄ ရက်အထိ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၁ ဘီလီယံနှင့် ဇွန် ၂၈ ရက်အထိ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၂ ဘီလီယံ စသည်ဖြင့် သုံးစွဲခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**




## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးလုပ်သား ၁၀၀၀ ကျော်သေဆုံး

**ဂျကာတာ ဇူလိုင် ၅**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်မတ်လမှစတင်ကာ ၂၀၂၁ ခုနှစ် ဇွန်လအထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ကျန်းမာရေးလုပ်သမား ၁၀၃၁ ဦးရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆေးရုံများအသင်းက ယနေ့တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသည့် ကျန်းမာရေးလုပ်သားများတွင် အထွေထွေရောဂါကုဆရာဝန် ၄၀၅ ဦး၊ သွားဆရာဝန် ၄၃ ဦး၊ သူနာပြု ၃၂၈ ဦး၊ သားဖွားဆရာမ ၁၆၀ နှင့် အခြားသော ကျန်းမာရေးလုပ်သား ၉၅ ဦးတို့ ပါဝင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆေးရုံများအသင်းမှ အတွင်းရေးမှူးချုပ် လီယာဂါဒန်နီယာ ပါတာကူဆူမာက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသည့် ကျန်းမာရေးလုပ်သားများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် အများအပြားရောက်ရှိလာသည့် ဆေးရုံများသို့ သွားရောက်ဆေးဝါးကုသမှုပေးရန် လိုအပ်ချက်များကြောင့် လုံလောက်စွာ အနားမယူခဲ့ရကြောင်း လီယာဂါဒန်နီယာ ပါတာကူဆူမာက ပြောကြားသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၈၄၀၀၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၀၅၈၂ ဦးရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■



## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၉၂ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၉၂ ဦးကို ယနေ့ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၄၁၇၄၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၁၉၂ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံလူဦးရေ သန်း ၁၁၀ ကျော်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လူပေါင်း ၁၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခဲ့ပြီးဖြစ်သည်။

နိုင်ငံအတွင်းရှိ လူပေါင်း ၂ ဒသမ ၈ သန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ခံယူပြီးဖြစ်ပြီး နိုင်ငံသား သန်း ၇၀ ခန့်အား ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံမှုပြီးစီးရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံသားများအား ကာကွယ်ဆေးအကြိမ်ရေ အပြည့်အဝထိုးနှံမှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းလျက်ရှိသည်။

နိုင်ငံသားများအနေဖြင့် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးစီးသည့်တိုင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလျှင် ၂၄၉ ဒသမ ၅ ဦးနှုန်း သေဆုံးနေရ

**ဆော်ပေါ်လို ဇူလိုင် ၅**

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမြင့်တက်နေခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလျှင် ၂၄၉ ဒသမ ၅ ဦးနှုန်း သေဆုံးနေရကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၃၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၄၄၁၇ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးပါက ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၇၈၃ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၈၇၆၉၈၀၈ ဦး ရှိလာကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ လူဦးရေ ၁၀၃ ဒသမ ၁ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်းနှင့် ယင်းတို့အနက် ၂၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**






## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅ ဒသမ ၄၄ သန်းကျော်ရှိလာ

**အန်ကာရာ ဇူလိုင် ၅**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၄၄၄၇၈၆ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၉၉၂၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၁၆၁ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လူဦးရေ ၃၅၈၃၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

## ဂါနာနိုင်ငံ၌ ကျောင်းသား ၁၃၆ ဦး ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရ

**အက်ကာ ဇူလိုင် ၅**

ဂါနာနိုင်ငံရှိ အထက်တန်းကျောင်းတစ်ခုမှ ကျောင်းသား ၁၃၆ ဦးတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရကြောင်း ဂါနာကျန်းမာရေးလုပ်ငန်းက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

အဆိုပါကျောင်းမှ ကျောင်းသားသုံးဦးသည် လွန်ခဲ့သောလက အအေးမိဝေဒနာခံစားရသဖြင့် ဆေးရုံသို့သွားရောက်ပြသခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ဆေးစစ်ချက်များအရ သိရသည်။ ၎င်းကျောင်းရှိ အခြားကျောင်းသားများကိုလည်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးခဲ့ရာတွင် ကျောင်းသားအများစု၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဂါနာကျန်းမာရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူးချုပ် ပက်ထရစ်ကူးမားအေဘာရီက ပြောကြားသည်။

မိမိတို့အနေဖြင့် စနစ်တကျ ကိုဗစ်-၁၉ ရောဂါကို စစ်ဆေးနိုင်ခဲ့သဖြင့် အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသော ကျောင်းသားများမှတစ်ဆင့် လူအများအပြားသို့ ထပ်မံကူးစက်ပျံ့နှံ့ခြင်းမရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းသို့ ဇွန် ၂၂ ရက်တွင် ဝင်ရောက်လာသော ခရီးသည်များမှတစ်ဆင့် ပထမဆုံးအကြိမ် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ယမန်နေ့ကအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၆၃၁၇ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

❍

## ရုရှားနိုင်ငံ၏ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ခွင့်လိုင်စင် အိန္ဒိယဆေးဝါးကုမ္ပဏီ လက်ခံရရှိ

**မွမ်ဘိုင်း ဇူလိုင် ၅**

အိန္ဒိယနိုင်ငံ၏ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Panacea Biotec သည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် ထုတ်လုပ်ခွင့်လိုင်စင် လက်ခံရရှိခဲ့ကြောင်း အဆိုပါဆေးဝါးကုမ္ပဏီက ဇူလိုင် ၄ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ Panacea Biotec ဆေးဝါးကုမ္ပဏီနှင့် ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် အိန္ဒိယဆေးဝါးအာဏာပိုင်အဖွဲ့က အဆိုပါ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

မေလအစောပိုင်းက အဆိုပါ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အိန္ဒိယနိုင်ငံရှိ Panacea Biotec ကုမ္ပဏီ၏ ဆေးဝါးစက်ရုံများ၌ ထုတ်လုပ်မှုဆောင်ရွက်ခဲ့ပြီး ယင်းကာကွယ်ဆေးများအား အရည်အသွေးထိန်းချုပ်ဆောင်ရွက်ရန် ရုရှားနိုင်ငံရှိ ဂါမယ်လီယာစင်တာသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ အဆိုပါ ကာကွယ်ဆေးများသည် အရည်အသွေးပြည့်မီမှုဆိုင်ရာ အချက်အလက်များကို အောင်မြင်စွာရရှိခဲ့ကြောင်း Panacea Biotec ကုမ္ပဏီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အိန္ဒိယနိုင်ငံတစ်ဝန်း အရေးပေါ်အသုံးပြုရန် ဧပြီလအတွင်းက မှတ်ပုံတင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၀၅၈၅၂၂၉ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၀၂၇၂၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၉၇၀၀၄၃၀ ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၁၈၄၆၇၉၇၇၄ ဦး | ၃၉၉၅၅၅၃ ဦး | ၁၆၈၉၉၇၃၁၁ ဦး |

# ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇူလိုင် ၅

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရွှေကူမြို့နယ်ရှိမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၁၁ နာရီ ၂၅ မိနစ်တွင် လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV

| | |
|---|---|
| ၀၆:၀၀ | [illegible] |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၂၅ | [illegible] အမိမြန်မာပြည်တစ်ခွင် |
| ၀၈:၂၅ | [illegible] |
| ၁၀:၀၀ | [illegible] |
| ၁၀:၂၅ | [illegible] |
| ၁၂:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၂) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 သင်ကြားပို့ချမှု သင်ခန်းစာများ 'မြန်မာဘာသာရပ်' |
| ၁၇:၂၅ | [illegible] |
| ၁၇:၅၀ | [illegible] |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | [illegible] |
| ၁၉:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၁၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၁၀)(ဇာတ်သိမ်း) |
| ၂၁:၂၅ | မြန်မာ့ရုပ်ရှင် '[illegible]' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Evergreen Classic: Mytta Phyan Mha Lenn Senn Mal (Thida Theint) |
| 07:34 | History And Mystery Behind The Caves |
| 08:01 | Famous Pagodas of Sagaing |
| 08:09 | The Lapidarist |
| 08:25 | Discovering Tribes: Ancient Kayah their life and customs |
| 09:01 | Lucrative Myanma Rattan Industry |
| 09:21 | Hand Down Arts Heritage |
| 09:54 | Myanmar Masterclass |
| 10:14 | The Lives of Stone Slab and Mortar Makers |
| 10:33 | Life In Night.........Art In Life (Ep-2) Part-2 |
| 11:01 | Applied Myanmar Traditional Martial Art (Part-2) |
| 11:33 | Discovering Tribes: Enn (Their Life and Customs) |

### MRTV NK

ကချင် (၀၆:၀၀ မှ ၀၈:၀၀) [illegible]

ကယား (၀၈:၀၀ မှ ၁၀:၀၀) [illegible]

ဝကြက်ကရင် (၁၀:၀၀ မှ ၁၁:၀၀) [illegible]

အရှေ့ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) [illegible] (အပိုင်း-၄)

အနောက်ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) [illegible]

ချင်း (ဖလမ်း) (၁၃:၀၀ မှ ၁၄:၀၀) [illegible] (အပိုင်း-၂၀)

ချင်း (ဇိုမီး) (၁၄:၀၀ မှ ၁၅:၀၀) [illegible]

မွန် (၁၅:၀၀ မှ ၁၇:၀၀) [illegible]

ရခိုင် (၁၇:၀၀ မှ ၁၈:၀၀) [illegible] (အပိုင်း-၂)

ရှမ်း (၁၈:၀၀ မှ ၂၀:၀၀) [illegible]

ဝ (၂၀:၀၀ မှ ၂၂:၀၀) [illegible]

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | [illegible] |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | [illegible] |
| ၀၈:၀၀ | [illegible] |
| ၁၆:၀၀ | ၂၀၂၂ [illegible] |

MRTV Farmers' Channel ကို [illegible] နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ
Education Channel ကို [illegible] နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၇၀၆၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၈၇၃၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၂၃၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၃၉၆ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန်း | ၂၅ | ၄၈၉၉ | ၄၃၉၈ | ၂၅ | ၁၉ | ၃၇၆ |
| ၂ | ခေါင်လန်ဖူး | ၃၆ | ၈၉၀၉ | ၅၅၆၅ | ၅၇၁ | ၁၁၃ | ၁၁၇၂ |
| ၃ | ဆော့လော် | ၁၈ | ၄၃၆၃ | ၂၉၂၆ | ၃၉၄ | ၉ | ၃၂၈ |
| ၄ | အင်ဂျန်းယန် | ၇ | ၂၀၀၆ | ၁၉၃၉ | ၆၉ | | ၃၀ |
| ၅ | ဖားကန့် | ၁၀၅ | ၁၈၄၀၆၂ | ၅၀၇၀၂ | ၁၈၅၇၂ | ၇၄၆ | ၁၂၁၉၆ |
| ၆ | ဖာပွန် | ၂၅ | ၂၂၈၃၀ | ၂၃၂၀၈ | ၂၇၅၆ | | ၂၉၄ |
| | **စုစုပေါင်း** | ၂၁၆ | ၂၂၇၀၆၉ | ၈၈၇၃၈ | ၂၂၃၈၇ | ၈၈၇ | ၁၄၃၉၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၆ မြို့နယ်တွင် မဲရုံပေါင်း ၂၁၆ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၁၅၉၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၆၂၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၅၃၄၂၊ မြေပြင်လက်ကျန် ၁၂၄၈၇၉ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၆၄၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၁၈၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | နောင်မွန်း | ၂၅ | ၆၅၀၆ | ၄၃၆၈ | ၂၁၃၈ | ၂၁၃၄ | ၅၄ | ၅၀ |
| ၂ | ခေါင်လန်ဖူး | ၃၆ | ၁၁၂၅၃ | ၇၃၃၀ | ၃၉၂၃ | ၃၉၂၁ | ၄ | ၂ |
| ၃ | ဆော့လော် | ၁၈ | ၅၆၀၂ | ၃၀၄၂ | ၂၅၆၀ | ၂၅၃၉ | ၂၁ | |
| ၄ | အင်ဂျန်းယန် | ၇ | ၂၈၀၀ | ၁၄၂၄ | ၁၃၇၆ | ၁၃၇၆ | | |
| ၅ | ဖားကန့် | ၁၀၅ | ၂၀၉၈၉၂ | ၁၀၄၀၃၉ | ၁၀၅၈၅၃ | ၁၀၅၄၁၁ | ၂၈၂၃ | ၂၃၈၁ |
| ၆ | ဖာပွန် | ၂၅ | ၂၅၅၄၆ | ၁၆၀၅၄ | ၉၄၉၂ | ၉၄၉၈ | ၇၄၂ | ၇၄၈ |
| | စုစုပေါင်း | ၂၁၆ | ၂၆၁၅၉၉ | ၁၃၆၂၅၇ | ၁၂၅၃၄၂ | ၁၂၄၈၇၉ | ၃၆၄၄ | ၃၁၈၁ |



ဖားကန့်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❖ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့တွင် ယခင်ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၇၀၆၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၈၇၃၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၂၃၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၃၉၆ ဦး ဖြစ်

စာမျက်နှာ ၁၆ သို့ ☆





ဖာပွန်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၁၅ မှ

၆။ အဆိုပါမြို့နယ် ၆ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၃၈၃၃၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၂၂၃၈၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်း ပြုစုခြင်း”** ပါ ပုဒ်မ ၁၅(ဂ) တွင် **“မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း အဆိုပါမြို့နယ် ၆ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၈၈၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၄၃၉၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ နောင်မွန်းမြို့နယ်၊ ရပ်ကွက်(၅)၊ မဲရုံအမှတ်(၅)တွင် ထပ်တိုးမဲဆန္ဒရှင် ၈ ဦးအား နောက်ဆက်တွဲမဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။ **[လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၉။ ခေါင်လန်ဖူးမြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၁၄ ဦး၊ ဆော့လော်မြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၄ ဦးနှင့် ဖားကန့်မြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၃၂ ဦးတို့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားပြီး အဆိုပါ မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[အသက် ၁၈ နှစ် မပြည့်သေးသူများအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁)များအနက် ၃ စောင်အား ပူးတွဲဖော်ပြထားပါသည်။]**

၁၀။ ခေါင်လန်ဖူးမြို့နယ် မဲရုံအမှတ်(၂၈)၊ (၃၄)၊ (၃၆)၊ ဆော့လော်မြို့နယ် မဲရုံအမှတ်(၁၂)နှင့် ဖားကန့်မြို့နယ် မဲရုံအမှတ် (၁၄)၊ (၁၆)၊ (၁၉)၊ (၄၆)၊ (၆၃)၊ (၆၈) နှင့် (၇၂) တို့၏ ဆန္ဒမဲပေးသည့်နေ့တွင် အသုံးပြုသည့် ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်များ ပျောက်ဆုံးနေသဖြင့် စစ်ဆေးနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မဲရုံအမှတ်(၇၀)နှင့် ဟောင်ပါးကျေးရွာအုပ်စု မဲရုံအမှတ်(၉၂) တို့၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားကြောင်း

❖ **အဆိုပါမြို့နယ် ၆ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆(က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၃၈၃၃၁ ဦး ပိုမိုများပြားနေ**

စစ်ဆေးတွေ့ရှိရပါသည်။ **[သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁)များအနက် ၂ စောင်အား ပူးတွဲ ဖော်ပြထားပါသည်။]**

၁၂။ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂၀)၏ မဲစာရင်းအမှတ်စဉ် (၁၆၈၅) တွင် မူလမဲဆန္ဒရှင် ဦးညီထွန်း၏ အချက်အလက်များအားဖျက်၍ ဦးညီညီသန်း၏ အချက်အလက်များကို ဖြည့်သွင်း၍ မဲပေးစေခဲ့ကြောင်းတွေ့ရှိရပါသည်။ **[မူလမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များအား ဖျက်၍ အခြားမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၃။ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၃၅၉၆၇ ဦး ဖြစ်ပြီး ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၂၅၇ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၉၀ စောင် ပိုမိုအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၆၄၄ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၃၁၈၁ စောင် တွေ့ရှိရခြင်း၊

(ဃ) ထပ်တိုးမဲဆန္ဒရှင်များအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်းပုံစံ(၁)စာအုပ်တွင် လက်ရေးဖြင့် ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( င ) အသက် ၁၈ နှစ် မပြည့်သေးသူများအား မဲစာရင်းတွင် ထည့်သွင်းထားပြီး ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( စ ) မူလ မဲစာရင်းပုံစံ(၁)ပါ မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို ဖျက်၍ အခြား မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

(ဆ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( ဇ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

( ဈ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ည) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အချို့အနေဖြင့် ဆန္ဒမဲ လက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဋ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဌ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဍ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၄။ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## သတင်းထုတ်ပြန်ချက်



[ နောင်မွန်းမြို့နယ်တွင် ထပ်တိုးမဲဆန္ဒရှင်များအား နောက်ဆက်တွဲမဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁စောင် ]

စာမျက်နှာ - 68/68



[သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်း မရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၂ စောင်]

၂၀၂၀ခုနှစ် ၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[ နည်းဥပဒေ ၄ ]

ကချင်ပြည်နယ် ၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

မြို့နယ်အမည် - ဖားကန့်မြို့နယ်

စာမျက်နှာ - 1/92

စာမျက်နှာ - 30/92



[မူလမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များအား ဖျက်၍ အခြားမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ]

၂၀၂၀ ခုနှစ် ၊ ကချင်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[ နည်းဥပဒေ ၄ ]

ကချင်ပြည်နယ် ၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

မြို့နယ်အမည် - ဖားကန့်မြို့နယ်

စာမျက်နှာ - 169/228

❖ အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင်သက်ဆိုင်ရာ မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ ဆန္ဒမဲ လက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲ ပေးခွင့်ပြုထား

❖ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ

❖ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

# မြိတ်မြို့ သံဃာ့ဆေးရုံတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ ဖျားနာအခမဲ့ဆေးကုသခန်း ပြန်လည်ဖွင့်လှစ်

**မြိတ် ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းမကြီးရှိ သံဃာ့ဆေးရုံတွင် (Fever Clinic) ဖျားနာအခမဲ့ ဆေးကုသခန်းအား ဇူလိုင် ၅ ရက် နံနက်ပိုင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ပြီး အနံ့ပျောက်၊ ဖျားနာလူနာများအား အခမဲ့ ကုသပေးလျက်ရှိသည်။

**နိုင်တဲ့ဘက်မှ ဝိုင်းကူ**

"လတ်တလောအခြေအနေက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အနည်းငယ်ပိုဆိုးလာတော့ မြန်မာနိုင်ငံဆရာဝန်များအသင်း(မြိတ်)အနေနဲ့ တစ်ခုခုပြန်လုပ်သင့်တယ်ဆိုပြီး ဆွေးနွေးကြပါတယ်။ တအားများလာရင် မနိုင်မနင်းဖြစ်လာမယ့်အစား နိုင်တဲ့ဘက်မှ ဝိုင်းကူရအောင်ဆိုပြီး ပြန်ဖွင့်တာပါ။ အနံ့ပျောက်တဲ့သူတွေကို လိုအပ်ရင် ပရဟိတအဖွဲ့နဲ့ အသေအချာ အလုံဖြစ်တဲ့ကားနဲ့ စစ်ဆေးပေးမယ့်နေရာကိုပို့ပေးမယ်။ တကယ်လို့ Positive ဖြစ်ရင် လိုအပ်တာကို ဆက်ပြီးဆောင်ရွက်ပေးပါ့မယ်။ Negative ဆိုရင် အိမ်မှာပဲ သီးခြားနေခိုင်းတာတို့ ဆောင်ရွက်ပါ့မယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ ဒေါက်တာတင်စိုးမိုးက ပြောသည်။

(Fever Clinic) ဖျားနာအခမဲ့ဆေးကုသခန်းအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ပြီး အနံ့မရနှင့် ကိုဗစ်-၁၉ သံသယလူနာများအတွက် ဖုန်းဖြင့် ဆက်သွယ်အကြံဉာဏ် ရယူလိုသူများကို တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း ဆွေးနွေးပြောကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။




(Fever Clinic) ဖျားနာအခမဲ့ဆေးကုသခန်းအား မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြိတ်မြို့မှ စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့များ ပူးပေါင်းကာ ကုသပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြိတ်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၄၇ ဦးရှိနေပြီး ဆေးကုသမှုခံယူလျက်ရှိကြကြောင်း၊ မြိတ်ပြည်သူ့ဆေးရုံတွင် မေ ၂၃ ရက်မှစတင်၍ လက်ရှိအထိ ရောဂါပိုးတွေ့ရှိသူ ၁၁၆ ဦးရှိခဲ့ပြီး ဆေးရုံမှ ပြန်ဆင်းသူ ၆၉ ဦးရှိ၍ သေဆုံးသူ လေးဦး ရှိခဲ့ကြောင်း ပြည်သူ့ဆေးရုံမှ သိရသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၅၉၈၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၃၀၆ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၃၄၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၅၁၅ ဦး၊ စုစုပေါင်း ၁၈၈၅၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၄၂ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၈၉၀၀ ကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၁၄၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၅**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

"မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ"

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အအုံများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- ရေလှေ၊ ပုံထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ငှက်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကျိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

**မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။**

၂၀၂၁ ခုနှစ်၊ ဇွန်လ

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# ဇူလိုင် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၉၆၉ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၄-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၅-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၀၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၉၆၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၈၃,၃၈၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၆၈,၃၇၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၅၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၉,၄၇၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၄၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၄၆၁) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၂၇၁) ခု | (၂၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၉) ခု | (၃၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၂) ခု | (၆၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၄) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၉၀) ခု | (၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၉၈) ခု | (၅၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၅၁၀) ခု | (၁,၉၈၀) ဦး |
| စုစုပေါင်း | (၁၁,၀၂၄) ခု | (၂,၉၆၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၉၂၃၇၇ | ၂၉၀၉၆၈၁၆ | ၆၂၁၉၃ |
| ၂။ | အိန္ဒိယ | ၃၀၅၈၅၂၂၉ | ၂၉၇၀၀၄၃၀ | ၄၀၂၇၅၈ |
| ၃။ | ဘရာဇီး | ၁၈၇၆၉၈၀၈ | ၁၇၀၈၂၈၇၆ | ၅၂၄၄၇၅ |
| ၄။ | ပြင်သစ် | ၅၇၈၆၂၀၃ | ၅၆၃၀၁၉၃ | ၁၁၁၁၆၁ |
| ၅။ | တူရကီ | ၅၄၄၄၇၈၆ | ၅၃၁၄၉၃၀ | ၄၉၈၂၄ |
| ၆။ | ရုရှား | ၅၆၃၅၂၉၄ | ၅၀၈၃၄၄၁ | ၁၃၈၅၇၉ |
| ၇။ | ဗြိတိန် | ၄၉၀၃၄၃၄ | ၄၃၃၄၆၅၆ | ၁၂၈၂၂၂ |
| ၈။ | အီတလီ | ၄၂၆၃၃၁၇ | ၄၀၉၁၀၀၄ | ၁၂၇၆၄၉ |
| ၉။ | အာဂျင်တီးနား | ၄၅၃၅၄၇၃ | ၄၁၅၆၀၀၆ | ၉၅၉၀၄ |
| ၁၀။ | ကိုလံဘီယာ | ၄၃၅၀၄၉၅ | ၄၀၄၇၁၄၇ | ၁၀၈၈၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၃၁၃၈၂၉ | ၁၉၄၂၆၉၀ | ၆၁၁၄၀ |
| ၂။ | ဖိလစ်ပိုင် | ၁၄၄၁၇၄၆ | ၁၃၆၄၉၆၀ | ၂၅၁၉၂ |
| ၃။ | မလေးရှား | ၇၈၅၀၃၉ | ၇၁၀၀၁၈ | ၅၅၇၄ |
| ၄။ | ထိုင်း | ၂၈၉၂၃၃ | ၂၂၃၄၃၇ | ၂၂၇၆ |
| ၅။ | မြန်မာ | ၁၆၈၃၇၄ | ၁၃၉၄၇၃ | ၃၄၆၁ |
| ၆။ | စင်ကာပူ | ၆၂၆၃၀ | ၆၂၂၈၆ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၅၁၈၇ | ၄၇၃၈၆ | ၇၄၈ |
| ၈။ | ဗီယက်နမ် | ၂၀၂၆၁ | ၇၈၁၉ | ၈၆ |
| ၉။ | လာအို | ၂၃၀၀ | ၂၀၇၅ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၂ | ၂၅၀ | ၃ |




## COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် နိုင်ငံတစ်ဝန်း၌ ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေ


မအူပင်မြို့နယ်
အောင်ခိုင်(မြန်/ဆက်)


ဝက်လက်မြို့နယ်
စိုးစိုးလှိုင်(ဝက်လက်)


ဒေးဒရဲမြို့
ရွှေဒေးသူ


ကော့ကရိတ်မြို့
စောအောင်မျိုးလွင်(မြန်/ဆက်)


ပွင့်ဖြူမြို့နယ်
ရဲဝင်းနိုင်(မြန်/ဆက်)


မြောက်ဦးမြို့နယ်
ခင်မောင်ထွန်း(မြန်/ဆက်)


ကျောက်ဖြူမြို့
တင်ထွန်းဦး(မြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂)ကို ယမန်နေ့ နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်ဇေယျက အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ ဖွင့်လှစ်ထားရှိမှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ တားမြစ်ချက်များ တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ နှင့်အညီ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စီစဉ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြရာ တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ

**ပဲခူး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက် ၉ နာရီက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ရပ်ကွက်၊ ကျေးရွာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့ဆက်သွားမည့် Road Map (၅)ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်အခြေအနေမှန်များ၊ Social Media (Facebook)ပေါ်မှ မဟုတ်မမှန်သတင်း ဖြန့်နေမှုအခြေအနေများ၊ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အရေးပါသော အခန်းကဏ္ဍအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးလှမျိုးရွှေက လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေးကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးသိန်းက နေ့စဉ်ဧည့်စာရင်းစစ်ဆေးခြင်းနှင့် One Village One Product ဒေသထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်(၅) ရဲမှူးကြီး ကျော်ထွဋ်က တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏တင်ပြမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**တင်စိုး(ပဲခူး)**



# မြစ်ကြီးနားမြို့ အောင်မြင်သာစံပြကျေးရွာ အပန်းဖြေစခန်းရှိ ကြိုးတံတားပြုပြင်ဆောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၅**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အပန်းဖြေစခန်းရှိ ကြိုးတံတား ပြုပြင်ဆောက်လုပ်ပေးရေး ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အင်ခိုင်ဘွမ်ခန်းမဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များနှင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအခြေအနေများတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီမှ ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများနှင့် ကြားကာလတာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သော်လည်း ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း နှစ်ထပ်စာသင်ဆောင် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အောင်မြင်သာ အပန်းဖြေစခန်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ကျိန်ခရန်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော ကြိုးတံတား သစ်သားကြမ်းခင်းများနှင့် လက်ရန်းတိုင်များ ပျက်စီးယိုယွင်းမှု အခြေအနေနှင့် အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကြိုးတံတားအား ကြမ်းခင်းတွင် သံပြားအခင်းနှင့် လက်ရန်းများ ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် စနစ်တကျကွင်းဆင်းတိုင်းတာ၍ လိုအပ်ချက်များ တင်ပြဆောင်ရွက်ရေး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အောင်မြင်သာစံပြကျေးရွာ ဒေသခံပြည်သူလူထုက လိုအပ်လျက်ရှိသည့် ကျေးရွာတွင်းလမ်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ဝန်းသိုမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဝန်းသို ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း အလျားပေ ၁၂၅၀၊ အနံ ၁၂ ပေ၊ ဒု ၆ လက်မ လုပ်ငန်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ မဟာဗျူဟာပါလုပ်ငန်းစဉ်များအရ အသိပညာပေးဟောပြောပွဲကို ဆည်ကြီး (ရွာသစ်)ကျေးရွာ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာအဆင့်ခေါင်းဆောင်မှုပညာ၊ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးရွာလူထုအခြေပြုစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် စသည့်အကြောင်းအရာများ ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်၊ ပိုးသတ်ဆေးအလွန်အကျွံမသုံးစွဲရေး၊ အထွက်ကောင်း မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ဝန်းသိုမြို့နယ်၌ ကျေးရွာပေါင်း ၁၇၉ ရွာရှိပြီး အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာလုပ်ငန်းစဉ်ပါ အသိပညာပေးလုပ်ငန်းများကို ကျေးရွာပေါင်း ၂၁ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများပေါ်ထွက်လာစေရန်နှင့် ကျေးရွာလူနေမှုအဆင့်မြင့်မားတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

# မူးယစ်ခြင်းနှင့် ယစ်မူးခြင်း (၂)

စန်းနီလာဝင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ထုတ်ပြန်ထားသောစာရင်းများအရ ကမ္ဘာတစ်ဝန်းလုံးတွင် နေ့စဉ် အရက်သေစာသောက်စားသူ အမျိုးသား ဦးရေ ၂၃၇ သန်းကျော်၊ အမျိုးသမီးဦးရေ ၄၆ သန်းကျော်ရှိပြီး နှစ်စဉ် အရက်သေစာသောက်စားသူ ဦးရေ ၂၀ တွင် တစ်ဦးနှုန်းသေဆုံးကာ နှစ်စဉ် အရက်သေစာကြောင့် သေဆုံးရသူ စုစုပေါင်းဦးရေ သုံးသန်းကျော်ရှိကြောင်း အစီရင်ခံဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

**အရက်သေစာနှင့် ကျန်းမာရေးပြဿနာများ**

အမေရိကန်ပြည်ထောင်စုတွင် အရက်သေစာကြောင့် နေ့စဉ်ပျမ်းမျှ ၂၆၁ ဦးနှုန်းဖြင့် နှစ်စဉ် သေဆုံးရသူ ခြောက်သိန်းခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အရက်သေစာကြောင့် နှစ်စဉ် သေဆုံးရသူ ၁၁၄၁၀၀ ခန့်၊ လေဖြတ်ဝေဒနာ ခံစားရသူ ၂၇၃၇၀၀ ခန့်၊ ရုရှားနိုင်ငံတွင် အရက်သေစာကြောင့် နှစ်စဉ်သေဆုံးရသူ ၈၅၆၈၈ ဦးခန့်ရှိပြီး အမျိုးသားသေဆုံးမှုနှုန်း ၄၆ ရာခိုင်နှုန်းနှင့် အမျိုးသမီးသေဆုံးမှုနှုန်း ၃၉ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စာရင်းထုတ်ပြန်ထားသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် အရက်အများဆုံးသောက်သည့်နိုင်ငံများမှာ အရှေ့ဥရောပနိုင်ငံများဖြစ်ကြသည်ဟု ဆိုသည်။

အရက်သေစာသောက်စားခြင်းမှ ရရှိခံစားကြရသည့် ကျန်းမာရေးပြဿနာများနှင့် စပ်လျဉ်း၍ နိုင်ငံတကာကျန်းမာရေးသုတေသီများက –

(၁) အသည်းကို ပျက်စီးစေခြင်း၊ အသည်းရောဂါ၊ အသည်းကင်ဆာဖြစ်ခြင်း၊
(၂) အာရုံကြောများ ပျက်စီး၍ အသိဉာဏ် မှတ်ဉာဏ်များ လျော့နည်းလာခြင်း၊
(၃) ကိုယ်ခန္ဓာအလေးချိန် လျော့နည်းလာခြင်း၊
(၄) အူမအူသိမ်၊ အစာအိမ်ကင်ဆာဖြစ်လာခြင်း၊
(၅) အိမ်ထောင်သည်များဖြစ်ပါက အိမ်ထောင်ရေးသုခ ကင်းမဲ့လာခြင်း၊
(၆) ကိုယ်ခံစွမ်းအားလျော့နည်းလာခြင်း၊
(၇) အရက်စွဲနေခြင်းကြောင့် စိတ်ကျန်းမာရေးကို ထိခိုက်ခြင်း၊ စိတ်ကျရောဂါ၊ သွေးတိုးရောဂါခံစားရခြင်း၊
(၈) အစာချေစနစ်ပျက်ယွင်းပြီး မကြာခဏ ပျို့အန်လာခြင်း၊
(၉) အဆုတ်၊ နှလုံးရောဂါများဖြစ်တတ်ခြင်း၊
(၁၀) လက်တုန်ခြေတုန်ရောဂါ ဖြစ်လာခြင်း ဟူသောဆိုးကျိုးများ ရရှိခံစားရမည်ကို အထူးသတိပေးထားကြပါသည်။

ထို့ကြောင့် မကြာသေးမီက အမေရိကန်ပြည်ထောင်စု “အလာဘားမားတက္ကသိုလ်” မှ ဆေးသုတေသနပညာရှင်များက အရက်သေစာကို မဖြတ်နိုင်သူများသည် ညစဉ်အိပ်စက်နေရင်းကပင် အန်ဖတ်ဆို့၍ သေဆုံးနိုင်ခြင်း၊ မူလထက် အသည်းပိုမို ကြီးမားလာပြီး အသည်းရောဂါအမျိုးမျိုး အများဆုံး ဖြစ်နိုင်ခြင်းကြောင့် အရက်စွဲနေကြသူများ အရက်ကို မဖြစ်မနေဖြတ်ကြရန် အရေးတကြီးတိုက်တွန်းထားသည်ကိုလည်း သတိပြုကြစေလိုပါသည်။

**မူးယစ်ခြင်းကို ယစ်မူးနေမိသူတစ်ဦး၏ မရှုမလှဘဝနိဂုံး**

အဖြစ်ကတော့ လွန်ခဲ့သည့် နှစ် ၄၀ ကျော်က ဖြစ်သည်။ သူနှင့်ကျွန်တော်သည် သင်တန်းတစ်ခုမှာ ဆုံစည်းခဲ့ကြသည်။ သူက အညာသား၊ သူနှင့် ကျွန်တော် အိပ်ဆောင်တစ်ခုတည်းတွင် ခုတင်ချင်းယှဉ်လျက်၊ ထိုစဉ်က ကျွန်တော်က အသက် ၂၀ ကျော်၊ သူက ၄၀ ခန့်အရွယ်၊ သူသည် သဘောကောင်းသလောက် အပြောလည်းကောင်းလှသည်။ ဉာဏ်ရည်ထက်မြက်သည်။ ကျွန်တော့်ကို ချစ်စနိုးဖြင့် ညီလေးဟုခေါ်သည်။ သင်တန်းအားလပ်ရက်များဆိုလျှင် သူနှင့်ကျွန်တော် ရန်ကုန်မြို့ထဲသို့ အတူသွားနေကျ။ ထမင်းအတူစား လက်ဖက်ရည် သို့မဟုတ် အအေးအတူသောက်လေ့ရှိသည်။ တစ်နေ့တာသင်တန်းအပြီး ညနေပိုင်းရောက်သည့်အခါ သူက ပုံမှန်အရက်သွားသောက်လေ့ရှိသည်။ အရက်သောက်လာပြီးလျှင် အမြဲကွမ်းစားပြီး ပြန်လာလေ့ရှိသည်။ ညစာ ထမင်းစားပြီးလျှင် သင်တန်းသူ သင်တန်းသားတိုင်း စာကြည့်ဆောင်ဝင်ကြရသည်။ စာကြည့်ဆောင်မှ အိပ်ဆောင်သို့ ပြန်လာလျှင် သူ့ပါးစပ်က အရက်နံ့ကြောင့် ညအိပ်ရာဝင်တိုင်း တောင်းပန်လေ့ရှိသည်။

**အနောက်တိုင်း လူနေမှုအဖွဲ့အစည်းတွင် အရက်သေစာသောက်စားခြင်း အလေ့အထသည် သူတို့ယဉ်ကျေးမှုအရ ရေသောက်နေသည့်သဘောမျှလောက်သာ ထင်မှတ်နေပုံရပါသည်။ ထို့ကြောင့် ရတနာပုံခေတ်က နိုင်ငံရေးသုခမိန်လည်းဖြစ်၊ ခေတ်မီသိပ္ပံပညာနှင့် ဆေးပညာရှင်လည်းဖြစ်ခဲ့သည့် ယောမင်းကြီးဦးဘိုးလှိုင်က လူတို့စားသုံးသော အစားအစာများ၏ “ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး” ဟူသော အရသာခြောက်ပါး၏ အကျိုးအပြစ်နှစ်မျိုးစလုံးကို ရှင်းလင်းဖွင့်ဆိုရေးသားပြုစုထားသော “ဥတုဘောဇန သင်္ဂဟကျမ်း” ကြီးတွင် ဥရောပနိုင်ငံများဖြစ်ကြသော အနောက်နိုင်ငံများ ထုတ်လုပ်ရောင်းချသည့် အရက်အမျိုးမျိုးမှာ ရာသီဥတုအေးလွန်းသည့် သူတို့နိုင်ငံများနှင့်ကိုက်ညီအောင် ထုတ်လုပ်သည့် အရက်များဖြစ်သောကြောင့် ရာသီဥတုပူနွေးသော အရှေ့တိုင်းနိုင်ငံသားများက ထိုအရက်အမျိုးမျိုးကို သောက်မိပါက ရောဂါများပိုမိုရရှိနိုင်သည်ဟု သတိပေးဖော်ပြထားသည်ကို လေ့လာတွေ့ရှိရ။**

“ညီလေး ကိုယ်က အရက်သာသောက်ပေမယ့် ဘယ်တော့မှ သတိမလွတ်ဘူး။ ဘတ်စ်ကားစီးရင်း အိပ်ပျော်သွားလိုက်တာ ကိုယ့်ပိုက်ဆံအိတ်ကို ခါးပိုက်အနှိုက်မခံခဲ့ရဘူးဗျ”ဟု မကြာခဏ ပြောလေ့ရှိသည်။ စာရေးသူက သူ့အား အရက်ကိုပြတ်အောင် ဖြတ်ဖို့ပြောတိုင်း ဘာမျှပြန်မပြောတော့ဘဲ ပြုံးပြုံးကြီးလုပ်နေတတ်သည်။ သူ့ကို အရက်က နိုင်သွားပြီဖြစ်၍ အရက်ကို သူမနိုင်နိုင်တော့ဘဲ အရက်ကို လုံးဝ မဖြတ်နိုင်တော့ပါ။

သင်တန်းကာလပြီးဆုံးသောအခါ သူနှင့် ကျွန်တော် လမ်းခွဲခဲ့ရပါ၏။ သူက မကွေးသို့ပြန်၍ သူ့ဌာနၡ တာဝန်ထမ်းဆောင်ပြီး စာရေးသူက ရန်ကုန်ရှိ ရုံးချုပ်တွင် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် အညာမှ ရန်ကုန်သို့ တာဝန်ဖြင့် လာသည့်အခါတိုင်း ကျွန်တော့်ဌာနသို့ မရောက်ရောက်အောင် ဝင်လာလေ့ရှိသည်။ သူနှင့်ကျွန်တော် ထမင်းအတူစား၊ လက်ဖက်ရည်အတူသောက်ကြပြီး စကားလက်ဆုံကျခဲ့ကြပြန်သည်။ ကျွန်တော်က သူ့ကို အရည်အချင်းထက်မြက်သူအဖြစ် သိနေခြင်းကြောင့် ညီရင်းအစ်ကိုစိတ်ဖြင့် အရက်ကို မရရအောင် ဖြတ်ဖို့ သူနှင့်တွေ့ဆုံတိုင်း အားမနာတမ်းပြော၏။ သို့သောအခါ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံနေသည့် အလား ဘာမျှပြန်မပြောတော့ဘဲ နေတော့၏။

မူးယစ်ခြင်းကို ယစ်မူးနေပြီဖြစ်သော စာရေးသူ၏ မိတ်ဆွေမှာ အရက်ဖြတ်ရန် ကတိမပေးနိုင်တော့ပါ။

ထိုစဉ်က ရန်ကုန်မှ မကွေးသို့ သူပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင် သူ၏ အနိဋ္ဌာရုံသတင်းဆိုးကို ရင်နင့်ဖွယ်ကြားရပါတော့သည်။ နွေရာသီဖြစ်၍ သူတစ်ယောက် အရက်သောက်ပြီး ပူလွန်းလှသည်ဟုဆိုကာ ဧရာဝတီမြစ်ကမ်းစပ်၌ ရေဆင်းကူးရင်း ရေနစ်သေဆုံးသွားရခြင်းပင်ဖြစ်သည်။ အရက်မူးနေလျှင်လည်း သတိလုံးဝမလွတ်ပါဟုပြောခဲ့သော စာရေးသူ၏ မိတ်ဆွေခမျာမှာ မူးယစ်ခြင်းကို ယစ်မူးနေခြင်းကြောင့် သတိတရားမထားရှိနိုင်တော့ဘဲ ဖြစ်သနစ်ဆိုးဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ရရှာသည်။ အကယ်၍သာ သူတစ်ယောက် မူးယစ်ခြင်းကို မယစ်မူးဘဲ နေနိုင်ခဲ့ပါက ယခုကဲ့သို့ အဖြစ်ဆိုးမျိုးဖြင့် ဘဝနိဂုံးချုပ်ခဲ့ရမည် မဟုတ်ပါ။

**မူးယစ်နွံနစ် အရက်၏ကျွန်ဖြစ်သွားသောအခါ**

အရက်ကိုဖြစ်စေ၊ မူးယစ်ဆေးဝါးကိုဖြစ်စေ နိဒါန်းအစပျိုးလိုက်သည်နှင့် ဖြတ်၍မရနိုင်အောင် အစွဲကြီးစွဲကာ မိမိ၏အသက်ကိုပင် တန်ဖိုးမထားနိုင်လောက်အောင် ဘဝနိဂုံးချုပ်ရသည်အထိ လူဖြစ်ရကျိုး ရှုံးသွားကြရသည်။ ထိုသို့ လူဖြစ်ရကျိုးရှုံးပြီး ဘဝနိဂုံးချုပ်သွားရသူများထဲတွင် သူငယ်ချင်းအချို့လည်း ပါဝင်ကြသည်။ ဝန်ထမ်းလောကတွင်လည်း လုပ်ဖော်ကိုင်ဖက်အချို့ကို တွေ့ရသည်။ ဆွေမျိုးသားချင်းများထဲတွင်လည်း တွေ့ရသည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့်အနုပညာနယ်ပယ်တွင်လည်း အတော်များများတွေ့ရသည်။

တစ်ချိန်က စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာလောကတွင် အနုပညာရှင်အချို့က ဆက်ကျော်သက်ရွယ် လူငယ်အချို့၏ အချစ်ရေးအဆင်မပြေ၍ အသည်းကွဲပြီး အရက်သေစာသောက်စားကာ ကုစားသည့် ဝတ္ထုဇာတ်လမ်းများ၊ ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့တွင် စိတ်ညစ်၍ အရက်သောက်ဖြေသိမ့်ပုံများကို ရုပ်ရှင်တေးသီချင်းဖြင့် သရုပ်ဆောင်၊ သီဆိုသရုပ်ဖော်ခဲ့ကြသည်ကို တွေ့ခဲ့ရသည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့၏ စာပေသြဇာ၊ အနုပညာသြဇာတို့သည် အသိဉာဏ်ပညာ နုနယ်သေးသော အတုမြင်၊ အတတ်သင်လေ့ရှိတတ်သော ဆယ်ကျော်သက်အရွယ်လူငယ်တို့အပေါ်၌ ထိရောက်စွာ လွှမ်းမိုးတတ်ပါသည်။

ထိုစဉ်က ဝါရင့်စာရေးဆရာ ဒါရိုက်တာ အကယ်ဒမီများရှင် ဆရာဦးသုခ အမှတ်တရ ပြောကြားခဲ့သည့် အနုပညာဆိုင်ရာသြဝါဒစကားတစ်ခုကို ယနေ့တိုင်မမေ့နိုင်အောင် အမှတ်ရနေမိပါသည်။ ဆရာက “ကျွန်တော်ကိုယ်တိုင် ရုပ်ရှင်ဒါရိုက်တာသရုပ်ဆောင်လုပ်တဲ့ ဇာတ်ကားတစ်ကားမှာ စိတ်ညစ်ပြီးအရက်သောက်ခဲ့ပုံကို ဇာတ်ဝင်ခန်းမှာ “အရက်” သီချင်းဆိုပြတဲ့အခန်းကို သရုပ်ဆောင် တင်ဆက်ခဲ့မိပါတယ်။ အဲဒီဇာတ်ကားရုံတင်ပြတဲ့ အခါကျတော့ အချစ်ရေးအဆင်မပြေတဲ့ လူငယ် တော်တော်များများဟာ အသည်းကွဲပြီး အရက်သမား တွေ ဖြစ်ကုန်ကြသတဲ့ဗျာ၊ ဒါကို ကျွန်တော်သိရတဲ့ အခါ သားသမီးချင်းကိုယ်ချင်းစာပြီး စိတ်ဒုက္ခ အတော်ရောက်ခဲ့ရပါတယ်။ တကယ်ပြောရရင် ကျွန်တော်ဖန်တီးတဲ့အနုပညာဟာ အဆိပ်ပါသွားတာကြောင့် ကျွန်တော် ယူကျုံးမရဖြစ်ခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့် အနုပညာကြောင့် ဘယ်သူကိုမှ အဆိပ်မဖြစ်စေရဘူးဆိုပြီး အရက်စွဲသူ ယစ်ထုတ်ကြီးဘဝကနေပြီး အသိအလိမ္မာတရားရရှိပြီး လူကောင်းသူကောင်းဖြစ်လာပုံ၊ မိဘမေတ္တာကြီးမားပုံနဲ့ ထေရဝါဒဗုဒ္ဓသာသနာပြုရုပ်ရှင်ဇာတ်ကား၊ ရုပ်မြင်သံကြားဇာတ်လမ်းတွေကိုပဲ ရွေးချယ်ရေးသား ရိုက်ကူးတင်ဆက်ခဲ့ရတယ်ဗျာ” ဟု ပြောပြခဲ့သည်မှာ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အနုပညာရှင်အတွက် သင်ခန်းစာကောင်း ရယူစရာဖြစ်ပါသည်။

**သေရည်ကိုလည်း မသောက်နှင့်၊**
**ရေကြည်ကိုလည်း မနှောက်နှင့်**

အရက်စွဲနေကြသူများမှာ အရက်သေစာသည် ကျန်းမာရေးအတွက် မကောင်းမှန်းသိသွားကြသော်လည်း မဖြတ်နိုင်သူများက များပြားနေသည်ကို တွေ့ရသည်။ အရက်၏ကျွန်အဖြစ် မူးယစ်ခြင်း၌သာ ယစ်မူးနေကြသူများမှာ မိမိတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို လုံးဝမစောင့်ထိန်းနိုင်ဘဲ မိမိ၏ဂုဏ်သိက္ခာ၊ မိဂုဏ်ဘဂုဏ်၊ ဆရာဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်တို့ကိုလည်း မစောင့်ထိန်းနိုင်သလို စောင့်ထိန်းရမှာကို သိနေသော်လည်း မူးယစ်နေခြင်းကြောင့် မသိနိုင်တော့ပါ။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်တွင် လူသားတိုင်း၏ အခြေခံအကျဆုံး သီလဖြစ်သော ငါးပါးသီလတွင်ပါရှိသည့် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးများသုံးစွဲခြင်းတို့ကို “သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ” ဟူသောကံကို အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပါက သုရာ=စိတ်ကြွပြီး သွေးဆူရန်အကြောင်းဖြစ်သော သေရည်သေရက်ကို မေရယ = မူးယစ်စေသည့်အရည်၊ မဇ္ဇ = မာန်တက်စေခြင်း၊ ပမာဒ= ကုသိုလ်တရား၌ မေ့လျော့ခြင်း၊ ဌာနာ = အကြောင်းတရား၊ သေရည်အရက် မူးယစ်ဆေးဝါးသုံးစွဲမှုတို့သည် မာန်တက်ကာ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း၏ အကြောင်းတရားဖြစ်ခြင်းကြောင့် ရှောင်ကြဉ်ပါမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရပါသည်။

ထို့အတူ ဖိုးသူတော်ဦးမင်း၏ စကားပုံဆုံးမစာတွင် အရက်သေစာ၏အပြစ်နှင့် စပ်လျဉ်း၍ “သေရည်ကိုလည်း မသောက်နှင့်၊ ရေကြည်ကိုလည်းမနှောက်နှင့်၊ သေရည်သောက်က အပယ်ဘုံကျတတ်သည်၊ ရေကြည်နှောက်က အနယ်မှုန်ထတတ်သည်” ဟု သတိပေးလမ်းညွှန်ထားသည်ကို တွေ့ရပါသည်။

စာမျက်နှာ ၂၄ သို့ ✧

❖ ခရစ္စတယ်ပဲလေ့မှ

နည်းပြရှိုင်းဟော့ဂ်ဆန်ဟာ ခရစ္စတယ်ပဲလေ့အသင်းနဲ့အတူ လေးနှစ်ကြာဖြတ်သန်းခဲ့ပြီး ၂၀၂၀-၂၀၂၁ ပရီမီယာလိဂ်ရာသီမှာ ခရစ္စတယ်ပဲလေ့အသင်းကို အဆင့် ၁၄ နေရာနဲ့ ရာသီကုန်ဆုံးစေခဲ့တာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့အသင်းဟာ အသက် ၄၅ နှစ်အရွယ်ရှိ ပြင်သစ်နိုင်ငံသား ပက်ထရစ်ဗီယဲရာကို သုံးနှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး "ပရီမီယာလိဂ်ကို ပြန်လာဖို့အတွက် အခွင့်အရေးတစ်ရပ် ရရှိခဲ့တဲ့အတွက် တကယ်ပဲ စိတ်လှုပ်ရှားမိပါတယ်"လို့လည်း ပက်ထရစ်ဗီယဲရာက ခရစ္စတယ်ပဲလေ့အသင်းနဲ့ စာချုပ်ချုပ်ဆိုပြီးချိန်မှာ ပြောကြားခဲ့ပါတယ်။

**ရယူပေးနိုင်ခဲ့**

ပြင်သစ် ကွင်းလယ်ကစားသမားဟောင်း ပက်ထရစ်ဗီယဲရာဟာ အာဆင်နယ်အသင်းနဲ့အတူ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ ကစားသမားဘ၀ကို ကိုးနှစ်ကြာဖြတ်သန်းခဲ့ရာမှာ ဆုဖလားခုနစ်လုံးအထိ ရယူပေးနိုင်ခဲ့ပြီး ပြင်သစ်လက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလားနဲ့ ယူရိုဖလားကို ရယူပေးခဲ့ကာ အင်တာမီလန်အသင်းအတွက်လည်း အီတလီစီးရီးအေဖလားသုံးကြိမ်အထိ ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ပက်ထရစ်ဗီယဲရာဟာ မန်စီးတီးအသင်းရဲ့ ဘောလုံးအကယ်ဒမီမှာ နည်းပြဘ၀ကို စတင်ခဲ့ပြီးနောက် မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းနည်းပြအဖြစ်လည်း နှစ်နှစ်ခွဲကြာ ဖြတ်သန်းခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့ပြင် ပက်ထရစ်ဗီယဲရာဟာ ပြင်သစ်ပထမတန်းကလပ်နိုက်စ်အသင်း နည်းပြအဖြစ်လည်း တာ၀န်ယူကိုင်တွယ်ခဲ့ပြီး ဒီဇင်ဘာလအတွင်းက နိုက်စ်အသင်းက နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပါတယ်။ **ငွေကြယ်**

❂ ကျောဖုံးမှ

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာ၀န်ရှိသူများကလည်း ကြီးကြပ်ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် အဆိုပါ၀န်ထမ်းများကို သတ်မှတ်ထားသည့်ရက်များတွင် ဒုတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်း ဆီးဂိမ်းနှင့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက်အပေါ်မူတည်၍ ပြင်ဆင်မည်

**ရန်ကုန် ဇူလိုင် ၅**

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် ယခုနှစ်အတွင်းကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ကျင်းပမည့်ရက်အပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာနောက်ဆုံးပတ်၊ ဆီးဂိမ်းပြိုင်ပွဲကို နို၀င်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး ကပ်ရောဂါအခြေအနေကြောင့် ကျင်းပမည့်ရက်များ ထုတ်ပြန်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၉ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းနေ့မှသာ ခြေစစ်ပွဲကျင်းပမည့်ရက် အတည်ပြုဖွယ်ရှိနေသည်။

ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲ အိမ်ရှင် ဗီယက်နမ်နိုင်ငံကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းရန် စီစဉ်နေပြီး ဇူလိုင် ၈ ရက်တွင် အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ယင်းပြိုင်ပွဲနှစ်ခု ကျင်းပမည့်ရက်များ ထုတ်ပြန်ပြီးမှသာ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်သည်။



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သည့် မြန်မာ ယူ-၂၂ အသင်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်ကို ဆက်လက်တာ၀န်ပေးထားသည်။ ပိုပေ့ါဗ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ၂၀၁၉ နှစ်ဆန်းပိုင်းတွင် စတင်ကိုင်တွယ်ခွင့်ရခဲ့ပြီး ၂၀၂၀ နှစ်ကုန်ပိုင်းတွင် သက်တမ်းထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ၂၀၁၆၊ ၂၀၁၈၊ ၂၀၂၀ နောက်ဆုံးသုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိကြောင်းသိရသည်။

**သတင်း- ကိုညီလေး**
**ဓာတ်ပုံ- MFF**

# မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်

**ရန်ကုန် ဇူလိုင် ၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ၀င်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလားအမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့်ရက်အား အာရှဘောလုံးအဖွဲ့ချုပ်က ယနေ့က အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုအလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံများအနေဖြင့် ယင်းကာလအတွင်း ပြုလုပ်ရမည်ဖြစ်သည်။ အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမြင့်မားနေသဖြင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကျင်းပမည့်ကာလကို နှစ်ပတ်သတ်မှတ်ထားခြင်းဖြစ်ပြီး အသင်းများလာရောက်ရာတွင် ရောဂါစစ်ဆေးခြင်းများ၊ Quarantine ၀င်ရမည့်ရက်များကိုပါ ထည့်သွင်းထားခြင်းဖြစ်သည်။



၂၀၂၀ ဖေဖော်၀ါရီက နောက်ဆုံးဖွဲ့စည်းခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို တွေ့ရစဉ်။

ယင်းခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (D) တွင် ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး လေးသင်း လေးအုပ်စုနှင့် သုံးသင်း လေးအုပ်စု ခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ၂၀၁၈ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဂျပန်၊ ဒုတိယရခဲ့သည့် သြစတြေးလျနှင့် တတိယရခဲ့သည့် တရုတ်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ အိမ်ရှင်အိန္ဒိယအသင်းနှင့်အတူ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရထားသည်။

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းအရေအတွက်တိုးမြှင့်၍ ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်န၀ါရီ ၂၀ ရက်မှ ဖေဖော်၀ါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ခွဲကျော် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရခြင်းမရှိဘဲ ၂၀၂၀ ဖေဖော်၀ါရီတွင် ယှဉ်ပြိုင်ခဲ့သည့် အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲ နောက်ပိုင်း ပထမဆုံးယှဉ်ပြိုင်ရမည့် ပြိုင်ပွဲလည်း ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က တာ၀န်ယူကိုင်တွယ်မည်ဖြစ်သည်။ **သတင်း- ကိုညီလေး၊ ဓာတ်ပုံ- MFF**

✧ စာမျက်နှာ ၂၃ မှ

တစ်ခါက စာရေးသူသည် ဌာနတာ၀န်ဖြင့် အိန္ဒိယနိုင်ငံသို့ ရောက်ရှိသွားရင်း ကမ္ဘာ့ဗုဒ္ဓ ၀ိပဿနာ သာသနာပြုဆရာကြီး ဒေါက်တာဂိုအင်ကာ (Dr. Goenka) ၏ ဓမ္မဂိရိပ်သာစခန်းသို့ သွားရောက်လေ့လာခဲ့ဖူးပါသည်။ ထိုစဉ်က ဆရာကြီး ဒေါက်တာဂိုအင်ကာသည် ထေရ၀ါဒ ၀ိပဿနာတရားစခန်းတစ်ခုလျှင် ၁၀ ရက် တရားစခန်းဖွင့်လှစ်ပြသနေချိန်ဖြစ်ပါသည်။ ထိုတရားစခန်းသို့ စာရေးသူသွားရောက်လေ့လာစဉ်က ဆရာကြီးသည် အနောက်တိုင်းသားယောဂီများကို မြတ်ဗုဒ္ဓ၏ ၀ိပဿနာတရားများကို ဟောကြားပြသနေချိန်ဖြစ်ပါသည်။ ထိုစဉ် အနောက်တိုင်းသားယောဂီတစ်ဦးက -

Are you saying that drinking even one glass of alcohol is breaking “sila”? (အရက်တစ်ချက်သောက်ရုံနှင့် သီလကျိုးပေါက်ပါသလား) ဟု မေးမြန်းလိုက်ရာ ဆရာကြီးက ချက်ချင်းပင်-

Because of taking or using intoxicants (intoxicating wine, liquors and narcotic drugs which cause head lessen) there is breaking “sila”. So you cannot take meditation. (အရက်ဖြစ်စေ၊ မူးယစ်ဆေး၀ါးဖြစ်စေ မှီ၀ဲသုံးစွဲခြင်းသည် အသိဉာဏ်ဆင်ခြင်တုံတရားကို လျော့နည်းပပျောက်စေခြင်းကြောင့် သီလကျိုးပေါက်နေသလို ၀ိပဿနာ ဘာ၀နာတရားကိုလည်း အားထုတ်လို့မရပါဘူး) ဟု ပြန်လည်ဖြေကြားလိုက်ရာ အနောက်တိုင်းသားယောဂီမှာ အလွန်နှစ်ခြိုက်သဘောကျစွာ လက်ခံသွားသည်ကို ၀မ်းမြောက်ဖွယ်တွေ့ကြုံခဲ့ရပါသည်။

အနောက်တိုင်း လူနေမှုအဖွဲ့အစည်းတွင် အရက်သေစာသောက်စားခြင်း အလေ့အထသည် သူတို့ယဉ်ကျေးမှုအရ ရေသောက်နေသည့်သဘောမျှလောက်သာ ထင်မှတ်နေပုံရပါသည်။ ထို့ကြောင့် ရတနာပုံခေတ်က နိုင်ငံရေးသုခမိန်လည်းဖြစ်၊ ခေတ်မီသိပ္ပံပညာနှင့် ဆေးပညာရှင်လည်းဖြစ်ခဲ့သည့် ယောမင်းကြီးဦးဘိုးလှိုင်က လူတို့စားသုံးသော အစားအစာများ၏ “ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး” ဟူသော အရသာခြောက်ပါး၏ အကျိုးအပြစ်နှစ်မျိုးစလုံးကို ရှင်းလင်းဖွင့်ဆိုရေးသားပြုစုထားသော “ဥတုဘောဇနသင်္ဂဟကျမ်း” ကြီးတွင် ဥရောပနိုင်ငံများဖြစ်ကြသော အနောက်နိုင်ငံများ ထုတ်လုပ်ရောင်းချသည့် အရက်အမျိုးမျိုးမှာ ရာသီဥတုအေးလွန်းသည့် သူတို့နိုင်ငံများနှင့် ကိုက်ညီအောင်ထုတ်လုပ်သည့် အရက်များဖြစ်သောကြောင့် ရာသီဥတုပူနွေးသော အရှေ့တိုင်း နိုင်ငံသားများက ထိုအရက်အမျိုးမျိုးကို သောက်မိပါက ရောဂါများ ပိုမိုရရှိနိုင်သည်ဟု သတိပေးဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ။

❑

# ခွဲ ဆိုမှ ခွဲ

**ပီမိုးနင်း**

**ဝီရိယသမားက ကူလီ၊ ခွဲသမားက သူဌေး**

၁၇၇၅ ခုနှစ် ချမ်းအေးလှသောဆောင်းဥတု၌ ဂျင်နရယ်အာနိုးနှင့် မောင်ဂိုမာရီ စစ်ဗိုလ်ကြီးများ အုပ်ချုပ်သော အမေရိကန်တပ်တစ်တပ်သည် ကွီးဘက်မြို့ကို ဝိုင်းရံတိုက်ခိုက်ကြလေသည်။ ၎င်းမြို့မှာ ခိုင်လုံသော ခံတပ်မြို့ဖြစ်လေသည်။

ထိုဝိုင်းရံတိုက်ခိုက်ခြင်းမှာ လိုက်ဆင်တန်နှင့် ကွန်ကော့အရေးများဖြစ်ပြီးနောက် ဗြိတိသျှ အင်ပါယာကြီးအား အရှိန်ပြတ်အောင်လုပ်ခြင်း ဖြစ်လေသည်။ ထိုဒီဇင်ဘာလ ၂၉ ရက်နေ့၌ ကိုလိုနီ တပ်များသည် ကွီးဘက်အောက်မြို့ကို သိမ်းယူလိုက်ကြလေသည်။ ၎င်းပြင် မွန်ထရီမြို့ ဗြိတိသျှ တပ်မရှိခိုက်တွင် ခံတပ်ကို ဝင်တော့မည်ကဲ့သို့ ဖြစ်နေ၏။ ခံတပ်ကိုမဝင်မီက ကိုလိုနီသူပုန်တို့အထဲ တွင် ကနေဒါပြည်ကြီး ပါဝင်၍သွားဖို့ရှိလေ၏။

ဂျော့ဘုရင်၏ ရဲဂလားတပ်ကလေးမရှိက အမေရိကန်တပ်များသည် အောင်မြင်သွားဖို့ရှိ၏။ ထိုအင်္ဂလိပ်တပ်မှာ လူက လေးငါးဆယ်ခန့်သာ ရှိလေ၏။ သို့သော်လည်း ၄င်းငါးဆယ်တပ်သည် ခွဲသန်သန်နှင့် အပြင်းအထန် မြို့လမ်းများကို ပိတ်ဆို့ခုခံရာ အမေရိကန်တပ်သည် ခံတပ်ကြီးကို ရောက်အောင် မချီတက်နိုင်ရှိခဲ့လေသည်။

ထိုလူငါးဆယ်တပ်ကလေး ထိုကဲ့သို့ ခွဲမကောင်းခဲ့ချေက ကနေဒါပြည်ကြီးသည် ယူနိုက်တက်စတိတ်နိုင်ငံ အပါအဝင်ဖြစ်ခဲ့ဖို့ရှိလေ၏။ ထိုပွဲ၌ အမေရိကန် ဂျင်နရယ်ဗိုလ်ချုပ်ကြီး "ရစ်ချပ် မောင်ဂိုမာရီ" ကျဆုံးသောပွဲဖြစ်လေသည်။

ထိုပွဲ၌ ထိုငါးဆယ်တပ်ကလေး၏ ခွဲသည် အထူးမှတ်သားဖွယ်ကောင်းလေသည်။ ထိုတပ်ကလေး ထိုမျှလောက် ခွဲမသန်ချေက အင်ပါယာ ရာဇဝင်ကြီး တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့ဖို့ရှိလေ၏။

လူ့ပြည်၌ တွေ့ကြုံရသမျှသော အခက်အခဲဟူ သမျှတို့ကို နိုင်နင်းပပျောက်အောင် ကုသနိုင်သော ဆေးအပေါင်းတို့တွင် ခွဲကောင်းခြင်းသည် အစွမ်းဆုံးသောဆေးဖြစ်လေသည်။ ထိုဆေးကို အဘယ် အခြားဆေးမျှ မမီနိုင်ပေ။

သမ္မတမင်း ကာလဝင်ကူးလစ်က ခွဲလောက် အဘယ်အရာမျှမစွမ်းဟု ပြောဖူး၏။ ဉာဏ်စွမ်းလည်း ခွဲကို မမီပေ။ ဉာဏ်စွမ်းရှိလျက် မကြီးပွားသူတွေ များစွာရှိကြလေသည်။ ထူးချွန်သောဉာဏ်ရှိလျက် ဆင်းရဲ၍နေသူတွေ များစွာရှိကြလေသည်။ သိပ္ပံပညာသည်လည်း ခွဲကိုမမီနိုင်။ သိပ္ပံပညာတတ်တွေ ဆင်းရဲ၍နေကြသည်မှာ မြောက်မြားစွာ။ ခွဲကောင်းခြင်းနှင့် စိတ်ခိုင်ခြင်းသည် အလုံးစုံကို တတ်နိုင်လေသည်။

ရှေ့ကိုတိုး၊ နောက်မဆုတ်နှင့် "ခွဲဆိုမှခွဲ" ဟူသောစကားသည် မဖြစ်မနေစကားပေတည်း။ လက်ဝှေ့ကောင်း ကမ္ဘာ့ချန်ပီယံအချို့သည် အထိုးအနက်ခံနိုင်၍ နောက်ဆုံးတစ်ချက်လဲအောင် ပြန်၍ထိုးနိုင်သည့်တိုင်အောင် ခွဲသန်သူများဖြစ်ကြလေသည်။ ၎င်းတို့ကိုယ်တိုင် အထူးစွမ်းခြင်းကြောင့် မဟုတ်ပေ။

ဝီရိယလည်း ခွဲကို မမီပေ။ ဝီရိယကြီးစွာနှင့် အလုပ်လုပ်သော်လည်း ရေရှည်လုပ်နိုင်မှ အခက်အခဲဟူသရွေ့ကို နိုင်၏။ ရေရှည်ဆိုသည်မှာ ခွဲဖြစ်လေသည်။ မဖြစ်မနေ၊ မဖြစ်ဖြစ်အောင်၊ မနိုင်နိုင်အောင် အမြဲကြံ၍နေသူ အမြဲခွဲသန်၍နေသူဖြစ်ကကြောက်ရလေသည်။

ထိုလူမျိုးသည် အဘယ်မျှပင် နိမ့်ကျသိမ်ငယ်စေကာမူ ရှင်ဘုရင်ကဲ့သို့သော ကြီးမြင့်သူများ၏ စော်ကားခြင်းကိုပင် မခံ၊ မမေ့မပျောက် ကလဲ့စား မချေရသမျှ မသေသေးဟူသောစိတ်နှင့် အမြဲကြံတတ်လေသည်။

ခွဲဆိုသည်မှာ စွဲခြင်းအဓိပ္ပာယ်ရသည်။ အစွဲသန်ခြင်းသည် ခွဲသန်ခြင်းဟု ဖောက်ပြန်သောအသုံး အဖြစ်သို့ ရောက်၍နေလေသည်။

ဝီရိယနှင့် အဘယ်မျှပင် အပင်ပန်းခံစေကာမူ ခွဲသမားလောက် အစွမ်းရောက်မည် မဟုတ်ပေ။ ခွဲသမားသည် အခါခပ်သိမ်း ပင်ပန်းစွာ အလုပ်လုပ်သည်မဟုတ်ပေ။ စွဲစွဲမြဲမြဲစိတ်အားမလျှော့ဘဲ မှန်မှန်လုပ်ခြင်း ဖြစ်လေသည်။

**ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကားသည် ပညာကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ တစ်ဟုန်တည်း အစွမ်းကောင်းခြင်းကို မဆိုလို၊ မည်သည့်လူသာမန်မဆို ကြီးပွားနိုင်သောနည်းကို ညွှန်ပြခြင်းဖြစ်လေရာ ငါသည် ဉာဏ်ကြီးသူမဟုတ်၊ ငါသည် သာမန်လူစားဖြစ်သည်ဟု တွေးတောကာ အားငယ်ဖို့မရှိ၊ တစ်စုံတစ်ခုကို စွဲစွဲမြဲမြဲလုပ်လျှင် ကြီးပွားနိုင်သည်ဟု စွဲမှတ်ကာ ဘာမဆိုကောင်းသောအလုပ်မှန်က စွဲမြဲစွာလုပ်လျှင် ကြီးပွားရမည်သာတည်း။ ဥပမာ- ခြင်းလုံးကို အမြဲတော့၍နေလျှင် တစ်နှစ် ၅၀၀၊ ၁၀၀၀ ရသော အလုပ်ကိုလုပ်ရင်း ဆက်ကပ်ပွဲနှင့်တွဲကာ ကမ္ဘာကိုပင် နှံ့အောင်လည်နိုင်။**

By fits and starts ဟူသော စကားသည် တစ်လောတိုး တစ်ရှူးတိုးလုပ်ခြင်းမျိုးကို ဆိုလိုသည်။ ထိုလူမျိုးသည် တစ်လောတစ်ရှူးနှင့် မဖြစ်မမြောက် မအောင်မမြင်သည့်အခါ စိတ်လျှော့တတ်ကြလေသည်။ စိတ်ပျက်တတ်ကြလေသည်။

ခွဲသမားသည် တစ်လောထိုးသမားလို ချွေးထွက်အောင် အပင်ပန်းမခံ။ နာရီလက်တံပမာ နောက်မဆုတ်ဘဲ ရှေ့ကိုသာ သွားသူဖြစ်လေရာ နာရီလက်တံသည် အဘယ်မျှပင်နှေးသော်လည်း တစ်ရက်လျှင် ၂၄ ခါပတ်မိအောင် သွားလေသည်။

ကြီးမြင့်လိုသူဟူသမျှ နာရီလက်တံကို အားကျရမည်။ သွားသည်ကို မြင်ပင်မမြင်ရ၊ ရောက်သည်ကိုသာ မြင်ရလေသည်။ ပညာကိုတတ်လိုက အမြန်ဆုံးနည်းနှင့် တတ်အောင် အဘယ်ပုံသင်ရမည်ဟူ၍ မေးမြန်းကြံစည်ချေက ထိုသူသည် အမြန်ဆုံးပညာတတ်မည်မဟုတ်။ အမြန်ဆုံးစိတ်ပျက်လိမ့်မည်။ "တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ" ဟူသော စကားသည် အလွန်အဖိုးတန်သောစကားဖြစ်၍ ရှေးလူကြီးများသည် ဤလိုအရာမျိုး၌ ကျွန်ုပ်တို့အတွက် မီးပြတိုက်နှင့်တူသောစကားတွေကို ထားခဲ့လေသည်။

ကျောင်း၌ သူငယ်တန်းကို ဝင်၍နေသော ကလေးအတွက် ရှည်ဝေးသော သိပ္ပံစာမေးပွဲများကို လှမ်း၍ တွေးချေက စိတ်ပျက်ဖွယ်ဖြစ်ချိမ့်မည်။

ထိုအဆုံးစွန်သော နောက်ဆုံးအခြေအနေမျိုးကို မတွေ့ရပေ။ ကလေးတန်း၌နေစဉ် ကလေးတန်းစာကိုသာ ဂရုစိုက်ချေက အမ်(မ်)အေ၊ ဘီအယ်(လ်)၊ အယ်(လ်)ဒီအဖြစ်ကို မသေလျှင် ဧကန်ရောက်ရမည်သာတည်း။ စာတစ်အုပ်ကို စ၍ဖတ်ရာ၌ နောက်ဆုံးအခန်းကို လှန်၍ကြည့်တတ်ကြ၏။ ထိုသူများသည် ခွဲမကောင်းသူများ ဖြစ်ကြလေသည်။

ကြာကြာနေမှ ကြီး၏။ တစ်ခဏချင်း နတ်ရေကန်ကို ဆင်းရုံနှင့် ကလေးသည် အပျိုလူပျိုမဖြစ်နိုင်။ မဟုတ်မမှန် ဒဏ္ဍာရီစကားသာ ရှိလေသည်။ အဟုတ်တကယ်ကား မဖြစ်နိုင်ပေ။ အောင့်နိုင်လျှင် အကျိုးရှိသည်ဟူသော ရှေးစကားသည်လည်း ခွဲကိုပင် ဆိုလို၏။ မလျှော့သောလုံ့လ၊ မပျက်မပြယ်သော ခွဲသတ္တိသည် အဘယ်အလုပ်မှာမဆို အရေးကြီးလေသည်။

ခွဲသမားသည် ဝီရိယသမားလို ပင်ပန်းခံဖို့ မလိုပေ။ ဝီရိယသမားသည် ကူလီဖြစ်တတ်၏။ ခွဲသမားသည်သာ သူဌေးဖြစ်နိုင်၏။

**ခွဲ**

အမေရိကန်တိုင်းပြည်၌ မျက်မမြင်ပန်းချီဆရာကြီးတစ်ယောက်ရှိ၏။ ၎င်းသည် တောကား တောင်ကားများကို ရေဆေးဖြင့် ရေးခြယ်ခြင်းအလုပ်မှာ လွန်စွာဝါသနာပါသဖြင့် ဆရာမရှိဘဲ မိမိဘာသာ လေ့ကျင့်ရေးခြယ်ခဲ့ရာ သို့လေ့ကျင့်လျက်နေစဉ် မျက်စိရောဂါရ၍ လုံးလုံးမကွယ်ရုံတမည်သာ ကျန်ရှိလေ၏။

၎င်းမျက်စိမှာ လုံးလုံးမကွယ်သော်လည်း ကွယ်သလောက် ဆိုးရွားသောအခြေအနေသို့ရောက်လျက် အဘယ်အရာကိုမျှ ကောင်းစွာမမြင်ရ၊ မှုန်မှုန်မွှားမွှားကလေးသာ မြင်ရလေ၏။

သို့သော်လည်း ပန်းချီရေးခြင်း၌ စိတ်ကို မလျှော့။ ဘုရားသခင်က ငါ့ကိုမရေးနှင့်ဟုပြော၏။ ငါဖြစ်အောင် ရေးရမည်။ ဘုရားသခင်က ငါ့အား မရေးစေလိုသည့်အတွက် ငါ၏မျက်လုံးကို ဖျက်၍ပစ်၏။ ငါကား ငြိမ်သက်စွာ ခံ၍မနေ၊ ဖြစ်အောင် ရေးမည်ဟူသောစိတ်ကိုဆောင်ကာ ရာသီကားများကို ရေးခြယ်လေသည်။

၎င်းရာသီကားမှာ မိမိ၏မျက်စိနှင့် မှုန်မှုန်မွှားမွှား မြင်ရသည့်အတိုင်း ရေးခြယ်လေသည်။ နွေရာသီ မွန်းတည့်အချိန်၊ မိုးရာသီနံနက်ခင်းအချိန် ဟူသောအမည်နှင့် တောကား၊ တောင်ကားများကို ရေးလေရာ ၎င်းကားများမှာ ၎င်း၏ မျက်စိနှင့် မြင်ရပုံအတိုင်း ရေးခြယ်ထားသောကားများ ဖြစ်သောကြောင့် ကောင်းစွာမထင်ရှားသော်လည်း ရာသီနှင့် အချိန်အငွေ့အသက်မှာ သေသေချာချာ သိသာလောက်အောင် ထင်ရှားပေါ်ပေါက်သဖြင့် ၎င်း၏ကားများကို ဒေါ်လာပေါင်းများစွာပေး၍ ဝယ်ကြရလေသည်။

ဤကား မလျှော့သောစိတ်၏ ခွဲသတ္တိကလေး ဖြစ်လေရာ ထိုခွဲသတ္တိ၏အကျိုးကို ခံစားရလေသည်။

သို့အကျိုးခံစားရခြင်းထက် အဖိုးတန်သော အရာမှာ လူ၏ခွဲသည် လွန်စွာတန်ခိုးကြီးသောကြောင့် ခွဲကောင်းလျှင် ဘာမဆိုဖြစ်နိုင်ကြောင်း ပုံကောင်းသက်သေဖြစ်လေသည်။

ဒီမော်စတီနစ် ခေါ် ဂရိလူမျိုး တရားဟောဆရာကြီးသည် စကားထစ်သူ၊ အ,သူ ဖြစ်ပါလျက် ရာဇဝင်၌ အပြောအဟောအကောင်းဆုံးသော ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကြိုးစားအောင်မြင်ခဲ့သည်မှာ ခွဲ၏အစွမ်းဖြစ်လေသည်။

လူ၏တန်ခိုးသည် ဉာဏ်ပညာ၌မတည်၊ အင်အားဗလ၌လည်း မတည်၊ ခွဲကောင်းခြင်းမှာသာ တည်ကြောင်း၊ ယုန်နှင့် လိပ် အပြေးပြိုင်သော ထုံးဖြင့် သိအပ်လေသည်။

ကြီးမြင့်လိုသောသူသည် လူပြင်းအားကိုး တစ်ရှူးထိုးဆိုသည့် စကားလို မလုပ်ရ၊ စွဲမြဲစွာ လုပ်ရလေသည်။

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကားသည် ပညာကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ တစ်ဟုန်တည်း အစွမ်းကောင်းခြင်းကို မဆိုလို၊ မည်သည့်လူသာမန်မဆို ကြီးပွားနိုင်သောနည်းကို ညွှန်ပြခြင်းဖြစ်လေရာ ငါသည် ဉာဏ်ကြီးသူ မဟုတ်၊ ငါသည် သာမန်လူစားဖြစ်သည်ဟု တွေးတောကာ အားငယ်ဖို့မရှိ၊ တစ်စုံတစ်ခုကို စွဲစွဲမြဲမြဲလုပ်လျှင် ကြီးပွားနိုင်သည်ဟု စွဲမှတ်ကာ ဘာမဆို ကောင်းသောအလုပ်မှန်က စွဲမြဲစွာ လုပ်လျှင် ကြီးပွားရမည်သာတည်း။ ဥပမာ- ခြင်းလုံးကို အမြဲတော့၍နေလျှင် တစ်နှစ် ၅၀၀၊ ၁၀၀၀ ရသော အလုပ်ကိုလုပ်ရင်း ဆက်ကပ်ပွဲနှင့်တွဲကာ ကမ္ဘာကိုပင် နှံ့အောင်လည်နိုင်ဖို့ ရှိလေသည်။

**ဘားမားဂျာနယ်၊ နံပါတ် ၃၉၊ ဖေဖော်ဝါရီလ။**

# ကမ္ဘာပေါ်ရှိ ထိုင်းတော်ရာကျောင်းတိုက်ရှစ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနဲရှစ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်မြောက်ကုသိုလ်များတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
( ဂ ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ ဖတ်စရာ

**ရုရှားနိုင်ငံ၏ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ခွင့်လိုင်စင် အိန္ဒိယဆေးဝါးကုမ္ပဏီ လက်ခံရရှိ**

စာမျက်နှာ » ၁၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာမျက်နှာ » ၁၅

ဆရာကြီးပီမိုးနင်း၏ ဆောင်းပါး

**ဇွဲ ဆိုမှ ဇွဲ**

စာမျက်နှာ » ၂၅

## ခရစ္စတယ်ပဲလေ့က ပက်ထရစ်ဗီယဲရာအား နည်းပြသစ်အဖြစ် ခန့်အပ်

ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့အသင်းဟာ နည်းပြ ရွိုင်းဟော့ဂ်ဆန် အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ပြီးနောက် အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီယဲရာကို အသင်းရဲ့နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

**ရေပန်းစားနေခဲ့**

မေ ၁၈ ရက်က ခရစ္စတယ်ပဲလေ့အသင်း နည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့ကြောင်း နည်းပြ ရွိုင်းဟော့ဂ်ဆန်က ကြေညာခဲ့ပြီးနောက် ပိုင်းကတည်းက အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီယဲရာဟာ ခရစ္စတယ်ပဲလေ့အသင်းနည်းပြဖြစ်လာဖို့ ရေပန်းစားနေခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖



## ကသာမြို့၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေး



ကသာ ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်းများအား ဇူလိုင် ၄ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပထမအကြိမ် ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ထိုးနှံပေးခဲ့**

မြို့နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသော နိုင်ငံ့ဝန်ထမ်း ၂၅၂ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံသူများကိုလည်း လိုအပ်သည့်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၅

၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့၏ယှဉ်ပြိုင်မှုကို ဇူလိုင် ၇ ရက် နံနက် ၇ နာရီတွင်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆီမီးဖိုင်နယ်ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်